In the Presence of

(2) ______________

------------------------,
Snake Garments Co.,Ltd
Macau.

WIN GARMENT MANUFACTURING COMPANY LIMITED

Exhibit No. I(A)

LIST OF MACHINERIES AND EQUIPMENT ETC TO BE IMPORTED

Sr No	PARTICULARS	UNIT	QTY	PRICE IN US$	VALUE IN US$
1	Single Needle Machine	Set	300	375	112500
2	Double Needle Machine	Set	10	750	7500
3	Five Thread Overlock Machine	Set	10	800	8000
4	Four Thread Overlock Machine	Set	50	800	40000
5	Three Needle Overlock Machines	Set	6	750	4500
6	Interlock Machine	Set	50	1000	50000
7	Elastic/Waist Machines	Set	5	1500	7500
8	Chain Stick Machine	Set	5	850	4250
9	Collar Turning Machine	Set	3	920	2760
10	Set Seleeve	Set	3	930	2790
11	Boiler	Set	2	4000	8000
12	Steam Iron	Units	30	100	3000
13	Cutting Machine	Set	4	600	2400
14	Button Hole Machine	Set	5	1750	8750
15	Buttoning Machine	Set	5	1650	8250
16	Bar Tack (Tacking) Machine	Set	12	1200	14400
17	Cuff Press	Set	3	750	2250
18	Pocket Press	Set	3	750	2250
19	Snap Machine	Set	10	900	9000
20	Flat Belt (Fabric Rinap M/C)	Set	5	1500	7500
21	Spread Thread Machine	Set	5	600	3000
22	Hand Knife	Set	5	100	500
23	Band Knife	Set	3	700	2100
24	Electric Cutter	Set	5	1500	7500
25	Electric Driller	Set	5	500	2500
26	Spare Parts for Single/Double Needle M/C	Lot	1	10000	10000
27	Spare Parts for Overlock M/C, Elastic M/C, Cutting M/C, Button Hole M/C, Spread Thread M/C etc	Lot	1	9000	9000
28	Spare Parts for Boiler/ Cutter / Driller/ Bunding M/C etc	Lot	1	8000	8000
29	Cutting / Folding Table	Units	6	1200	7200
30	All kinds of Scissors	Units	800	5	4000
31	Bundling Machine	Units	3	1400	4200
32	Ironing Table	Set	20	500	10000
33	Time Card Machine	Set	3	600	1800
34	Packing Machine	Set	3	1400	4200
35	Embroidery Machine	Set	3	14000	42000
36	Generator - 300KVA/500 KVA	Set	2	24000	48000
37	Cable Wire(Assorited Size)	Roll	1200	10	12000
38	Electronic Switch & Socket	Pcs	900	2	1800
39	Braker	Pcs	350	4	1400
40	Fork Lift	Units	3	2000	6000
41	Computer & Printer	Set	2	1500	3000
42	Air Conditioner (1.5 / 2 H.P)	Units	8	400	3200
43	Photo Copying Machine	Units	2	1500	3000
	SUB-TOTAL OF EXHIBIT NO. I(A)				500,000
	SUB-TOTAL OF EXHIBIT NO. I(B)				1,500,000
	GRAND TOTAL				2,000,000

WIN GARMENT MANUFACTURING CO.,LTD

VALUE OF RAW MATERIALS TO BE IMPORTED

Exhibit No. I(B)

Sr. No	DESCRIPTION	A/C UNIT	QTY	UNIT PRICE IN US$	AMOUNT IN US$
1	Polyester/Cotton Fabrics	Yard	950000	1.2	1,140,000
2	Trimming	Pcs	400000	0.9	360,000
	TOTAL			US$	1,500,000

Note: :(1) Cotton Fabric will be included 100% Polyester Fabric, 100% Nylon Fabric, 100% Cotton Fabric, T/C 65% Polyester 35% Cotton Fabric, Interlining, 100% Polyester Padding and 100% Polyester Knitted Fabric.

(2) Trimming will be included Ribknit, Thread, Zipper, Button, Snap Buttons, Eyelet, Buckle, Main Label, Size Label, Care Label, String, Tape, Elastic, Hangtag, Shoulder Pad, Velco Fastener, Rivet, Badge, Stopper, Toggle, Belt, Sticker, Hanger, Polybag, Carton, Gummed Tape/Scotch, Safety Pin, Plastic Pin, Plastic String, Tissue Paper, Card Board, Plastic Strip, Marker Paper, Paper Pattern Paper.

北英 有限公司

Canasal Ltd.

九龙尖沙咀广东道28号太阳广场13楼

13th FLOOR SUN PLAZA, 28 CANTON ROAD
TSIMSHATSUI, KOWLOON, HONGKONG

TELEPHONE: 3-668704
TELEX: 45887 IMPAL HX
CABLE: CANASAL
FAX: 3-688902
3-689248

CONTRACT

NO. CAN 131

DATE: 1. 2. 2000

This Contract Constitutes an Agreement between

and Messrs WIN GARMENT MANUFACTURING CO.,LTD

whereby the former agree to buy and the latter agree to sell the following goods subject to the terms and conditions as stated below

OUR ART.NO CAN 246037

DESCRIPTION COAT, JACKET

QUANTITY 1000 DZS.

UNIT PRICE USD 96/DZ.FOB YANGON

TOTAL AMOUNT USD 96,000.00 (SAY: US DOLLARS NINTY SIX THOUSAND ONLY)

DESTINATION USA

COLOR AND SIZE ASSORTMENT

	S	M	L	XL	
PINK	1	2	2	1	
SEAFOAM	1	2	2	1	= 12 PCS.

PACKING EACH PC.IN A POLYBAG,EACH COLOR/SIZES(6 PCS.)PER BIG PACK, TWO BIG PACKS PER EXP.CTN.

SHIPPING MARK CAN G.W. KGS

DELIVERY NEW YORK N.W. KGS
C/No. MEAS. CMS
BY NOVEMBER,2000.

PAYMENT TERMS BY L/C AT SIGHT

Seller's Signature
CANASAL LTD
陳志偉
BUYER

Buyer's Signature
SELLER: WIN GARMENT MANUFACTURING CO.,LTD.

NOTE [illegible] not be bound by any conditions rebates or any other matters which are not expressly contained in the contract.
2. Any alteration in Freight Charges or Marine or War-Risk-Insurance or in the official rate of exchange between the Hong Kong Dollar and the currency of this contract shall be for Seller's account.
3. The courts of Hong Kong shall have exclusive jurisdiction in all legal proceedings if any such arising from the contract.

WELL PACIFIC LTD.

6 / F, J C C Building, No. 16, Mong Kok Rd. Mong Kok, Kln
Tel: 3 - 918751 Telex: 43125 WFACE HX Fax: 3 - 7894232

PURCHASE ORDER

Manufacturer: WIN GARMENT MANUFACTURING CO., LTD No. WP - 00378

Date 7-2-2000

Delivery date: BY MARCH, 2000 Country of Origin: MYANMAR

Payment: BY L/C Quota Cat.:

Style	Description	Quantity	Price
10651	SHIRT, T.SHIRT	2000 DZS.	USD 43/DOZ. FOB YANGON

COLOR /SIZE ASSORTMENT :

	S	M	L	
RED	1	1	1	
NAVY	1	1	1	
ORANGE	1	1	1	
YELLOW	1	1	1	= 12 PCS.

SHIPPING MARKS : CRYSTAL BRANDS INC .,
PORT OF DISCHARGE: NEW YORK
PO # G012669
C/NO. 1 TO UP

N.W KGS
G.W KGS
MEAS. CMS

TOTAL AMOUNT: USD86,000(US DOLLARS EIGHTY SIX THOUSAND ONLY)

Packing: EACH PC. IN A POLYBAG.12 COLR / SIZE ASSORTED PER BIG PACK, TWO PACKS(24 PCS.) (2 DZS.) PER EXP.CTN.

Destination: NEW YORK, USA.

Shipment: BY SEA BY AUGUST, 2000

PAYMENT : BY L/C AT SIGHT

N. B.-This contract is subject to the final approval of sample. In the event of late shipment, Buyers have the right to cancel or send by air freight at Sellers' expense

Accepted & Confirmed : *For and on behalf of :* WELL PACIFIC LTD

WIN GARMENTS MANUFACTURING CO., LTD. Seller Buyer

HANICO(INTERNATION) LTD. HONG KONG
RM 1902A. SUNBEAM COMM BLDG. 469-471 NATHAN RD. KLN. HONG KONG
TEL 3-7808150. 3-7807075 TELEX 50228 HANHK HX FAX NO 3-856768

PURCHASE ORDER

Seller

WIN GARMENT MANUFACTURING CO.,LTD.

NO HN- 3102

Date 2.2.2000

Art No 31020003

Quantity 1.000 DZS.

Price USD45.00/DZ. FOB YANGON

Total Amount USD 45.000.00

Description

MEN'S 100% COTTON POLO-SHIRT.

COLOR	CODE NO.	SIZE:	S	M	L	XL	
AMETHYST	# 51		1	2	2	1	
APPLE GREEN	# 37		1	2	2	1	
AQUA	# 48		1	2	2	1	= 12 PCS.

Packing EACH PC.IN A POLYBAG,SUITABLE PCS.PER EXP.

Samples CTN.

Delivery BY OCTOBER,2000

Payment BY L/C AT SIGHT.

Shipping Mark Side

HANICO
USA
C/NO.

For and on behalf of

For and on behalf of
HANICO (INTERNATIONAL) LIMITED

(Buyer)

Confirmed by:

(Seller) WIN GARMENT
MANUFACTURING CO.,LTD.

ဦးလှဝင်း(ခ)ဂေါ်ဆစ်မား

နှင့်

ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

တို့၏

မြေငှားသဘောတူညီမှုစာချုပ်

(မူကြမ်း)

မြေငှားသဘောတူစာချုပ်(မူကြမ်း)

✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡✡

ဤမြေငှားသဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ်၊ လ၊ ရက်နေ့တွင် မြန်မာနိုင်ငံသားများဖြစ်သည့် အမှတ်၁၀၆(အေ)၊ မြေညီထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ တွင် နေထိုင်သော **ဦးလှဝင်း(ခ)ဂေါ်ဆစ်မား**(နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်)၀၁၈၆၅၆) (နောင်တွင် "အငှားချထားသူများ" ဟု ခေါ်တွင်စေရမည်၊ ယင်းစကားရပ်တွင် ၎င်းတို့၏ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုထားသည့် လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က တစ်ဖက်

နှင့်

အမှတ် ၉၆၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ တွင် မှတ်ပုံတင်ရုံး တည်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသည့် **ဝင်းအထည်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်** (နောင်တွင်"အငှားချထားခြင်းခံရသူ"ဟု ခေါ်တွင်စေရမည်၊ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့်ဥပဒေအရ ခွင့်ပြုထားသည့်လွှဲအပ်ခြင်း ခံရသူများပါဝင်သည်)ကို ကိုယ်စားပြုသူအဖြစ် အုပ်ချုပ်မှုဒါရိုက်တာ **ဦးဇော်ဝင်း** (နိုင်ငံသားမှတ်ပုံတင် အမှတ်-၁၂/မရက (နိုင်)၁၀၈၅၈၂) မှ အခြား တစ်ဖက်တို့သည် အောက်ပါအတိုင်း မြေငှားသဘောတူစာချုပ်ကို ချုပ်ဆိုကြသည်။

၁။ ရည်ရွယ်ချက်

ဤသဘောတူစာချုပ်တွင် "အငှားချထားခြင်းခံရသူ"သည် အထည်ချုပ်လုပ်ငန်း (Manu -facturing of Garment) ဆောင်ရွက်နိုင်ရန် မြေကွက်အမှတ် (၁၈၂)၊ မြေတိုင်းရပ်ကွက်အမှတ် အပိုင်း(၂)၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ တွင် တည်ရှိသည့် အငှားချထားသူ (နောင်တွင် "အငှားချထားသူ"ဟု ခေါ်တွင်စေရမည်) ပိုင်ဆိုင်သော စုစုပေါင်း(၁ . ၅၁၇)ဧက ကျယ်ဝန်းသော မြေနေရာကို ငှားရမ်းခြင်းဖြစ်သည်။

ဤမြေသည် "အငှားချထားသူ"မှလက်ဝယ်ရှိပြီး၊ တရားဝင်ပိုင်ဆိုင်မှုရှိကြောင်း တာဝန်ယူ အာမခံပါသည်။ သို့ဖြစ်၍ မြေငှားရမ်းခြင်းနှင့်ပတ်သက်၍ အောက်ပါ သဘောတူညီမှုများကို နှစ်ဦးနှစ်ဖက် ပြုလုပ်ကြပါသည်။

၂။ ငှားရမ်းခ

၂-၁ "အငှားချထားသူ" သည် အငှားချထားမည့်မြေနေရာကို လွှဲပြောင်းငှားရမ်းပေးရန်နှင့် "အငှားချထားခြင်းခံရသူ"သည်၎င်းမြေနေရာကို ဤသဘောတူစာချုပ်နှင့်အတူ ပူးတွဲဖော်ပြထားသောမြေ (နောင်တွင် "အငှားချထားမည့်မြေနေရာ" ဟုခေါ်တွင် စေရမည်)ကို သုံးစွဲနိုင်သောအခွင့်အရေးနှင့်အတူ ဤသဘောတူစာချုပ်၏အပိုဒ်ခွဲ(၆)တွင် ဖော်ပြပါရှိသည့် နေ့မှစတင်ပြီး ကနဦး(၃၀)နှစ်နှင့် (၅)နှစ်(၂)ကြိမ်စီဖြင့် သက်တမ်းတိုးမြှင့်သည့် ကာလ အထိ မြေဧရိယာ(၁ . ၅၁၇)ဧက သို့မဟုတ် (၆၆၀၉၆)စတုရန်းမီတာရှိသော မြေကွက်ကို လက်ခံငှားရမ်းအသုံးပြုရမည်။

၂-၂ ဤမြေငှားသဘောတူစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ တစ်လလျှင် ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) နှုန်းဖြင့်ငှားရမ်းခအဖြစ် သတ်မှတ်ပေးချေရပါမည်။

၂-၃ နှစ်စဉ်ငှားရမ်းခ ကိုပေးချေရာတွင် တစ်နှစ်စာရင်းပိတ်သည်အထိ စောင့်ဆိုင်းခြင်း မပြုဘဲ တစ်လလျှင် ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းးတိတိ)နှုန်းဖြင့် ပြက္ခဒိန်နှစ်အလိုက် သုံးလလျှင်တစ်ကြိမ် ပထမလ၏ (၁၀)ရက်အတွင်းကြိုတင်၍ပေးဆောင်ရမည်ဖြစ်သည်။

၃။ အငှားချထားခြင်းခံရသူ၏တာဝန်များ

၃-၁ အငှားချထားခြင်းခံရသူသည် အငှားချထားသူနှင့် ရှင်းလင်းစွာပြုလုပ်ထားသော ဆောင်ရွက်ပေးရန်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငှားရမ်းသည့်ကာလများ အတွက်ငှားရမ်းခများကို သတ်မှတ်သဘောတူထားသော နေ့ရက်တွင်ပေးရမည့်အပြင် သက်ဆိုင်ရာအာဏာပိုင်များသို့ ပေးဆောင်ရမည့်ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအခကြေးငွေများကိုလည်း အချိန်မှန်မှန်ပေးဆောင်ရမည်။

(ခ) အငှားချထားသောမြေနေရာကို ထပ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ခွဲစိတ်ရောင်းချခြင်းစသည့်တို့ကို လုံးဝဆောင်ရွက်ခြင်းမပြုလုပ်ရ။

(ဂ) ငှားရမ်းသည့်ကာလများအတွင်း အငှားချထားသောမြေနေရာကိုကောင်းမွန်စွာ ထိမ်းသိမ်းရမည်ဖြစ်ပြီး၊ ငှားရမ်းသည့်ကာလကုန်ဆုံးသောအခါတွင်ဖြစ်စေ၊ သို့မဟုတ် ထပ်မံတိုးချဲ့ငှားရမ်းခြင်းပြုလုပ်သောအခါတွင်ဖြစ်စေ ၄င်းမြေနေရာကို အငှားချထားသူထံသို့ ပြန်လည်လွှဲပြောင်းပေးရမည်။

(ဃ) အငှားချထားသောမြေနေရာတွင် လုပ်ငန်းများဆောင်ရွက် အကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဝင်တည်ဆဲဥပဒေများနှင့် အညီကိုက်ညီမှုရှိအောင်ဆောင်ရွက်ရမည်။

(င) စည်ပင်သာယာခွန်အပါအဝင်ဖြစ်သော အခြားအလားတူလုပ်ငန်းသဘောအရ ပေးဆောင်ရန်ရှိသော အခွန်အကောက်များကိုပေးဆောင်ရမည်။

(စ) အငှားချထားသောမြေပေါ်ရှိ အဆောက်အအုံများနှင့် လုပ်ငန်းအတွက် လိုအပ်သောအာမခံများကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာ့အာမခံဥပဒေများနှင့် အညီထားရှိရမည်။

(ဆ) အငှားချထားခြင်းခံရသူသည် မိမိလုပ်ငန်းမှစွန့်ပစ်ပစ္စည်းကြောင့် ပတ်ဝန်းကျင်ရှိမြေနေရာ၊ ရေနှင့်လေထုညစ်ညမ်းမှုများမှ ကာကွယ်ရေးအတွက် တာဝန်ယူပါသည်။

၄။ အငှားချထားသူ၏တာဝန်များ

၄-၁ အငှားချထားသူသည် အငှားချထားခြင်းခံရသူအား ဆောင်ရွက်ပေးရန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အငှားချထားခြင်းခံရသူအနေဖြင့် ငှားရမ်းခများကိုပေးဆောင်နေသည့်ငှားရမ်းကာလအတွင်း အငှားချထားသောမြေနှင့် အကျုံးဝင်သည့်အရာများကို ငြိမ်းချမ်းစွာ၊ အေးဆေးစွာနှင့် အနှောက်အယှက်ကင်းစွာတို့ဖြင့် အသုံးပြုဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်ဖြစ်ပြီး၊ ငှားရမ်းသည့်ကာလအတွင်း အငှားချထားသူ၏သဘောဆန္ဒအရ သို့မဟုတ် တစ်ဦးဦး၏ဝင်ရောက်တောင်းဆိုမှုအရ သို့မဟုတ် အငှားချထားသူ၏ ယုံကြည်အပ်နှံသူတို့မှ ပါဝင်ပတ်သက်မှုများဖြင့် ဝင်ရောက်နှောက်ယှက်ခြင်း မရှိစေရ။

(ခ) အငှားချထားသူသည် အငှားချထားသောမြေနှင့်ပတ်သက်သည့် ပေးဆောင်ရန်ရှိသော မြေခွန်ကိုပေးဆောင်ရမည်။

၅။ ငှားရမ်းခတိုးမြှင့်ခြင်း

၅-၁ အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့သည် အငှားချထားသောမြေနေရာ နှင့် အဆောက်အဦးများအတွက် စာချုပ်စတင်အတည်ဖြစ်သည့်နေ့မှစ၍ (၅)နှစ်လျှင်တစ်ကြိမ် ငှားရမ်းခနှုန်းထားများကို ပြီးခဲ့သော(၅)နှစ်တာကာလ၏ ငှားရမ်းခနှုန်းများထက် (၁၅) ရာခိုင်နှုန်းထက်မပိုစေဘဲ တိုးမြှင့်ခြင်းကိုပြုလုပ်ရန်အတွက် ပြန်လည်ညှိနှိုင်းပြင်ဆင်သုံးသပ်ပိုင်ခွင့်ရှိစေရမည်။

၆။ ငှားရမ်းခြင်း၏သက်တမ်း

၆-၁ ဤမြေငှားသဘောတူစာချုပ်အရ ငှားရမ်းခြင်း၏သက်တမ်းမှာ စာချုပ် စတင်အကျိုးသက်ရောက်သည့်နေ့ မှစ၍ ကနဦးအနေဖြင့် (၃၀) နှစ် ဖြစ်ပြီး၊ ထိုသက်တမ်းကုန်ဆုံးပါက တကြိမ်လျှင်(၅)နှစ်စီဖြင့် (၂)ကြိမ်အထိ တိုးမြှင့် ငှားရမ်းနိုင်ရေးအတွက် အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့၏ နှစ်ဦးနှစ်ဘက် ညှိနှိုင်းမှုအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်နှင့်အညီ ဆက်လက် ငှားရမ်းမည်ဖြစ်သည်။

၆-၂ စုစုပေါင်းသက်တမ်း(၃၀)နှစ် ကုန်ဆုံး ပြီးပါက နှစ်ဦးနှစ်ဘက်ညှိနှိုင်းသဘောတူညီမှုအရ ဆက်လက်တိုးမြှင့်ငှားရမ်းမည်ဖြစ်သည်။ ထို့သို့တိုးမြှင့်ငှားရမ်းခြင်း နှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိပြီးမှသာလျှင် အတည်ဖြစ်စေရမည်။ ငှားရမ်းခြင်းသက်တမ်းကို ငှားရမ်းခြင်းစတင်သည့်နေ့မှ စတင်ရေတွက်မည်ဖြစ်သည်။ ငှားရမ်းခြင်းစတင်သည့်နေ့မှာ ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးသောနေ့ ဖြစ်သည်။

၇။ မလွှဲမရှောင်နိုင်သည့်ဖြစ်ရပ်များ

၇-၁ မလွန်ဆန်နိုင်သည့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ မီးလောင်ခြင်း၊ လေမုန်တိုင်းကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ မြေငလျင်တုန်လှုပ်ခြင်းနှင့် အလားတူထိန်းချုပ်၍မရနိုင်သည့်ဖြစ်ရပ်များ သို့မဟုတ် မည်သည့်ဖက်ကမျှ ကြိုးစားအားထုတ်ဆောင်ရွက်မှုဖြင့် တားဆီးမရနိုင်သောဖြစ်ရပ်များကြောင့် တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များကိုထမ်းဆောင်ရန်ပျက်ကွက်ပါက အဆိုပါမလွှဲမရှောင်နိုင့်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ကြောင်းကို ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း အခြားတစ်ဖက်သို့ စာဖြင့်အကြောင်းကြားရမည်။ အခြားတစ်ဖက်ကလည်း မလွန်ဆန်နိုင်သည့်ဖြစ်ရပ် ပေါ်ပေါက်ကြောင်းလက်ခံပါက စာချုပ်ချုပ်ဆိုသူနှစ်ဦးနှစ်ဖက်စလုံးတွင် မည်သည့်တာဝန်မျှမရှိစေရ။ မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များပေါ်ပေါက်သည့်ကာလကို စာချုပ်သက်တမ်းကာလမှ ထုတ်နှုတ်ရန်သဘောတူကြပါသည်။

၈။ သဘောတူစာချုပ်စတင်အကျိုးသက်ရောက်သောနေ့

၈-၁ ဤသဘောတူစာချုပ်သည် အငှားချထားသူနှင့်အငှားချထားခြင်းခံရသူတို့ နှစ်ဦးနှစ်ဘက်မြေငှားသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသဘောတူညီသည့်နေ့မှ စတင်၍အကျိုးသက်ရောက်မှုရှိစေရမည်ဖြစ်သည်။

၉။ စာချုပ်ရပ်စဲခြင်း

၉-၁ ဤသဘောတူစာချုပ်ကို အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ရပ်စဲခြင်းပြုလုပ်နိုင်သည်။

(က) လုပ်ငန်းတွင် ကြီးမားစွာဆက်တိုက်အရှုံးပေါ်ပေါက်နေခြင်း၊

(ခ) မြေငှားသဘောတူစာချုပ်ဝင် တစ်ဖက်ဖက်မှ စာချုပ်ပါ တာဝန်များဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုလုပ်နိုင်သော မလွဲမရှောင်နိုင်သည့်ဖြစ်ရပ်များ (၆)လထက်ပိုမို ဖြစ်ပေါ်လာခြင်း၊

(ဃ) သဘောတူစာချုပ်၏မူလရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စွမ်းမရှိခြင်း၊

၉-၂ သို့သော်ငြားလည်း အငှားချထားခြင်းခံရသူသည် ၄င်း၏လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်တည်ထောင်မှုပြုလုပ်နိုင်ရန်အတွက် ဤသဘောတူစာချုပ်ပါ ၄င်း၏အခွင့်အရေးများကို ခြွင်းချက်အဖြစ် သက်သာခွင့်ရရှိစေနိုင်သည်။ ဤသဘောတူစာချုပ်တွင်ပါရှိသော ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ နှစ်ဦးနှစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကိုရုပ်စဲလိုပါက ရုပ်စဲလိုကြောင်းအကြောင်းကြားစာကို အခြားတစ်ဖက်ထံသို့ (၃)လကြိုတင်၍ပေးပို့အသိပေးရမည်။

၉-၃ ဤကဲ့သို့ မြေငှားသဘောတူစာချုပ်ရုပ်စဲရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သဘောတူအတည်ပြုချက် ရရှိပြီးမှသာလျှင် စာချုပ်ရုပ်စဲနိုင်ခွင့်ရှိသည်။

၁၀။ အနညာတစီရင်ဆုံးဖြတ်ခြင်း

၁၀-၁ အကယ်၍ ဤမြေငှားသဘောတူစာချုပ်ပါ အချက်အလက်များနှင့်ပတ်သက်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အဓိပ္ပါယ်လွဲမှားမှုကြောင့်ဖြစ်စေ၊ အငြင်းပွားမှုများဖြစ်ပေါ်လာပါက သဘောတူစာချုပ်တွင်လက်မှတ်ရေးထိုးထားသည့် နှစ်ဦးနှစ်ဖက်စလုံးမှ ညှိနှိုင်းဆွေးနွေးခြင်းဖြင့်အငြင်းပွားမှုများကို ပြေလည်ငြိမ်းအေးစေနိုင်သည်။ နှစ်ဦးနှစ်ဖက်အကျေအလည်ညှိနှိုင်းဆွေးနွေး၍ မရရှိခဲ့ပါက မြန်မာနိုင်ငံအတွင်း၌ နှစ်ဦးနှစ်ဖက်အတွက် ခုံသမာဓိလူကြီးတစ်ဦးစီ ရွေးချယ်ခန့်ထားပြီး ညှိနှိုင်းဆွေးနွေးနိုင်ခွင့်ရှိသည်။ နှစ်ဦးနှစ်ဖက်မှ ခန့်အပ်ထားသော ခုံသမာဓိလူကြီးများမှ အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့ပါက အဆိုပါခုံသမာဓိလူကြီးများသဘောတူသော ခုံသမာဓိလူကြီး၏ အဆုံးအဖြတ်ကို နှစ်ဖက်စလုံးမှလက်ခံကြရမည်။ ၄င်းခုံသမာဓိလူကြီး၏အဆုံးအဖြတ်မှာ အနညာတစီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ(၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၄) အရ ဖြစ်ရပါမည်။ ခုံသမာဓိအဖွဲ့၏ ဖြေရှင်းဆုံးဖြတ်ရန်နေရာမှာ ရန်ကုန်မြို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်သာဖြစ်ရပါမည်။ ခုံသမာဓိရုံး၏ကုန်ကျစရိတ်များကို အမှုရှုံးသည့်ဖက်မှ ကျခံပေးဆောင်ရမည်။

၁၁။ လွှမ်းမိုးသောဥပဒေ

၁၁-၁ ဤသဘောတူစာချုပ်ကို မြန်မာနိုင်ငံဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဤစာချုပ်ကိုလွှမ်းမိုးသောဥပဒေသည် မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများဖြစ်သည်။ ဤစာချုပ်ပါနှစ်ဦးနှစ်ဖက်စလုံးသည် စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာမြန်မာတရားရုံးနှင့် အယူခံမှုများကို ကြားနာနိုင်သောတရားရုံးအားလုံး၏ စီရင်ပိုင်ခွင့်ကိုလက်ခံကြပါသည်။

၁၂။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ

၁၂-၁ ဤသဘောတူစာချုပ်တွင်ပါဝင်သော လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ခွင့်ပြုသဘောတူညီချက်ရရှိပြီးမှသာလျှင် ဆောင်ရွက်နိုင်ခွင့်ရှိကြမည်ဖြစ်သည်။

၁၃။ စာချုပ်အားဖြင့်ပြန်လည်ပြင်ဆင်စေ့စပ်ညှိနှိုင်းခြင်း

၁၃-၁ ဤသဘောတူစာချုပ်၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခုပေါ်ပေါက်လာသဖြင့် စာချုပ်ပါအချက်အလက်များကို ဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်သောအခါတွင် နှစ်ဦးနှစ်ဖက်မှစေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါအချက်များကို လိုအပ်သလိုပြင်ဆင်ခွင့် ရှိစေရမည်ဖြစ်သည်။ ဤကဲ့သို့ပြင်ဆင်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီအတည်ပြုချက် ရရှိပြီးမှသာလျှင် အတည်ဖြစ်မည်ဖြစ်သည်။

၁၄။ ကိုယ်စားပြုခြင်းနှင့်အာမခံချက်

၁၄-၁ ဤမြေငှားသဘောတူစာချုပ်ကို ပါဝင်ချုပ်ဆိုကြသူနှစ်ဦးနှစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ရန်အတွက် သက်ဆိုင်သောဥပဒေများနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားကြပြီးလျှင် ဥပဒေအရလုပ်ပိုင်ခွင့် အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိသောသူများဖြစ်ကြောင်းအာမခံသည်။

၁၅။ ဘာသာစကား

၁၅-၁ ဤမြေငှားသဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာဘာသာဖြင့် စာချုပ်သုံးစောင်ရေးသားပြီးလျှင် စာချုပ်နှစ်စုံကို နှစ်ဦးနှစ်ဖက်မှ တစ်စုံစီရယူထားပြီး၊ ကျန်သောစာချုပ်တစ်စုံကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းထံသို့ပေးပို့၍ စစ်ဆေးခြင်းနှင့်အတည်ပြုချက်များ ရယူနိုင်ရန် ပေးပို့ရမည်။

၁၇။ အငှားချထားသောမြေပုံ

၁၇-၁ ဤမြေငှားသဘောတူစာချုပ်အရအငှားချထားမည့် မြေကွက်အမှတ် (၁၈၂)၊ မြေတိုင်းရပ်ကွက်အမှတ်အပိုင်း(၂)၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ တွင် တည်ရှိသည့် အငှားချထားသူ ပိုင်ဆိုင်သော စုစုပေါင်း(၁.၅၁၇)ဧက ကျယ်ဝန်းသောမြေနေရာပြပုံကို နောက်ဆက်တွဲ(က)တွင် ပူးတွဲဖော်ပြထားပါသည်။

၁၈။ တွင်းထွက်ပစ္စည်းများနှင့်သယံဇာတပစ္စည်းများ

၁၈-၁ ဤမြေငှားသဘောတူစာချုပ်အရ ငှားရမ်းမှုပြုလုပ်ထားသောမြေနေရာတွင် မည်သည့်အချိန်တွင်မဆို ထွက်ပေါ်ရရှိလာသော ဓါတ်သတ္တုများ၊ သဘာဝတွင်းထွက်သယံဇာတပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ကြေးနီ၊ ရေနံနှင့် အခြားသောတူးဖော်ရရှိလာမည့် သဘာဝအရင်း အမြစ်များအားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့်သာ သက်ဆိုင်စေရမည်ဖြစ်ပြီး အငှားချထားသူ အနေဖြင့်သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားတင်ပြပေးရမည်ဖြစ်သည်။

၁၉။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၁၉-၁ **"အငှားချထားခြင်းခံရသူ"** သည် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ၄င်းတို့၏ပတ်ဝန်း ကျင်တစ်ဝိုက်တွင် ဘေးအန္တရာယ်ကျရောက်မှုနှင့် ညစ်ညမ်းမှုများတို့မှ ကာကွယ်ရန်အတွက်လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို **"အငှားချထားခြင်းခံရသူ"** မှ ဆောင်ရွက်ပေးရမည်။ ၄င်းတို့၏အစိတ်အပိုင်း အပေါ်တွင် ဆောင်ရွက်မည့် လုပ်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာမည့် မည်သည့်လျော်ကြေး တောင်းဆိုမှုမျိုးကိုမဆို **"အငှားချထားသူ"** အပေါ်တွင်တာဝန် မရှိစေရ။ **"အငှားချထားခြင်းခံရသူ"** ကသာကျခံပေးချေရမည်။

၂၀။ အထွေထွေ

၂၀-၁ ဤမြေငှားသဘောတူစာချုပ်တွင် ဖော်ပြပါရှိသော အချက်အလက်များသည် သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတွင် ပြဌာန်းထားသောအချက်အလက်များနှင့် အဓိပ္ပါယ်ကွဲလွဲခြင်း၊ ရှေ့နောက်မညီမညွတ်ဖြစ်နေခြင်းများ ဖြစ်ပေါ်လာပါက မြေငှားသဘောတူစာချုပ်တွင် ပြဌာန်းထားသောအချက်အလက်များကိုသာ အတည်ဖြစ်သည်ဟုမှတ်ယူစေရမည်ဖြစ်သည်။

ဤသဘောတူစာချုပ်ကို အထက်ဖော်ပြပါ ------- ခုနှစ်၊ ----------လ နှင့် ------- နေ့ရက်တွင် နှစ်ဦးနှစ်ဖက်မှ တရားဝင်ကိုယ်စားလှယ်များမှ တံဆိပ်ရိုက်နှိပ်ပြီး၊ လက်မှတ်ရေးထိုးသဘောတူညီကြပါသည်။

အငှားချထားသူများ
ကိုယ်စားလက်မှတ်ရေးထိုးသူ

လက်မှတ် :-----------
အမည် :-----------
လိပ်စာ :-----------

အငှားချထားခြင်းခံရသူ
ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
ကိုယ်စားလက်မှတ်ရေးထိုးသူ

လက်မှတ် :-----------
အမည် :-----------
လိပ်စာ :-----------

အသိသက်သေ

လက်မှတ် :-----------
အမည် :-----------
လိပ်စာ :-----------

အသိသက်သေ


လက်မှတ် :-----------
အမည် :-----------
လိပ်စာ :-----------

နမူနာ ဆက်တွဲ (က)

ရန်ကုန်မြို့တော်

အတင်စီ ၂၂

၁ လက်မလျှင် ၁၁၀ ပေပေပေး



ရှင်းလင်းချက်

ခရိုင်နယ်

ပြည်ထောင်စုမြန်မာနိုင်ငံ [illegible]
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE LABEL
နှစ်ဆယ်ကျပ်
TWENTY KYATS

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE LABEL
ငါးဆယ်ကျပ်
FIFTY KYATS

မြေငှားစာချုပ်

20 FEB 1996.

၁၉[illegible] ခုနှစ်၊ (မြေငှား) အမှုတွဲ အမှတ် လသ/ရန်(၂)-၁၅၀/၉၆. အရ၊ ထုတ်ပေးသည်။
၂၄. ၁. ၁၉၉၆.

ပြည်ထောင်စုမြန်မာနိုင်ငံ[illegible]အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ" ဟုရည်ညွှန်းသ[illegible] "အငှားချထားသူ" ဆိုသည့်စကားရပ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများ၊ အဆိုပါဌာနက လွှဲ[illegible]များလည်း ပါဝင်သည်။)

နှင့် ရန်ကုန် မြို့နေ၊ ဦး ဝိပဿ ၏၊ သား/သမီး ဖြစ်သော ဦးလှဝင်း(ခ)ကေါ်ဆိမ်မား[illegible] မှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်)-၀၁၇၆၅၉၆- (နောက်တွင် "အငှား စာချုပ်ရသူ" ဟုရည်ညွှန်းသည်။) တို့၊ ၁၃၅[illegible] ခုနှစ်၊ တပေါင်း လဆန်း/လပြည့်ကျော် ၇. ရက်နေ့၊ ၁၉၉၆. ခုနှစ်၊ (ဖေဖော်ဝါရီ လ ၂၀. ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်-ချုပ်ဆိုကြသည်။

အငှား စာချုပ်သူက-နောင်[illegible] သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ပါရှိသော ပဋိညာဉ်[illegible]များကို ပြုသောကြောင့်လည်းကောင်း၊ အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက်အားလုံးကိုထိုမြေကွက်နှင့် သက်[illegible]သော ပိုင်ဆိုင်ခွင့်များ၊ ဝင်-ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွအငှားချ[illegible]သူက အငှားစာချုပ်ရသူအား၊ ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်း[illegible]တ်သတ္တုပစ္စည်းများ၊ မြေမြုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကွာရီ (Quarries) မသည်တို့သည်ဤစာချုပ်ဖြင့် အ[illegible]ထားခြင်း၌ မပါဝင်ချေ။ ယင်းသို့ ရှာဖွေတူးဖော်ရယူ၊ သယ်ဆောင်ရာ၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကို နောက်ယှက်ပျက်[illegible]စေခဲ့လျှင်၊ အငှားစာချုပ်ရသူအား သင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ယင်းလျော်ကြေးနှင့် စပ်[illegible]၍ အငြင်းဖြစ်ပွားခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်း အက်ဥပဒေ၏ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်း[illegible]နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်[illegible]ရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

ထို့ကြောင့် ဤစာချုပ်-ချုပ်[illegible]သည့် ၂၀. ၂. ၁၉၉၆- နေ့မှစ၍ နှစ်ပေါင်း ခြောက်ဆယ်ကာလ အပိုင်းအခြားအတွက် လက်ရှိထားနိုင်ရန် အငှား[illegible]ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

နှစ်ပေါင်း ခြောက်ဆယ် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင်. ၂၀၁၁- ခုနှစ် ဖေဖော်ဝါရီ လ ၁၉- ရက်နေ့၌ကုန်[illegible]သည့် ပဉ္စမ တစ်ဆယ်ငါးနှစ်အတွင်းတွင် ကျပ် ၃ ၃ ၀- ပြား — (ကျပ် သုံးရာ သုံးဆယ် ပြား —) ဟိတ်ကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် [illegible] [illegible] [illegible] ၁-ရက်နေ့မှ စသည့် [illegible] [illegible] နေ့တွင် လည်းကောင်း၊ [illegible] -၁- နှစ်မှ စသည့် သုံးလပတ်အတွက် ဂျူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ [illegible] [illegible]သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင်လည်းကောင်း ကြိုတင် ပေးဆောင်ရမည်။ [illegible] [illegible]အပိုင်းအခြား၏ ဒုတိယ တစ်ဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါး[illegible]စတုတ္ထတစ်ဆယ့်ငါးနှစ်အတွက်အ[illegible]-တွင်ပြဋ္ဌာန်း[illegible]ညီ နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကို အငှားစာချုပ်ရသူက ပေးဆောင်ရမည်။

၁။ အငှားစာချုပ်[illegible]သည် အငှားချထားသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အထက်၌ မြေ[illegible]ခကိုပေးဆောင်ရန် သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အဆိုပါမြေငှားခနှင့် အဆို[illegible]ကွက်ပေါ်၌လည်းကောင်း၊ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော [illegible] [illegible]ပ်ရသူအပေါ်၌လည်းကောင်း အဆိုပါ နှစ်ခြောက်ဆယ့် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ဆဲ သော်လည်းကောင်း၊ အငှား[illegible] စည်းကြပ်လတ္တံ့ ဖြစ်သော အ[illegible]န် အတုတ်အားလုံးကို ပေးဆောင်ရန်။

(ခ) ဤစာချုပ်ချု[illegible]သည့်နေ့မှ ၆-လအတွင်း စတင်ဆောက်လုပ်၍ နှစ်နှစ်အတွင်း အဆိုပါမြေကွက်ပေါ်၌ ကောင်းမွန် ခိုင်ခံ့သော [illegible] [illegible]ဆိုင်သည့်တရားဥပဒေများနှင့် အညီ၊ ပြီးစီးအောင်ဆောက်လုပ်ရန်နှင့် ထိုလူနေ [illegible]ပါနှ[illegible]င်းခြောက်ဆယ်ကာလ အပိုင်းအခြားအတွင်း ပြုပြင်မွမ်းမံထားရှိရန်။

(ဂ) အဆိုပါမြေကွ[illegible]ပည်ရှိသောရပ်ကွက်၌သက်ဆိုင်ရာဒေသန္တရအာဏာပိုင်များကမိလ္လာပိုက်နှင့်ရေပိုက်များ ချထားလျှင်၊ [illegible] [illegible]တရားဥပဒေနှင့်အညီ အဆိုပါမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော[illegible] ထိုမိလ္လာပိုက်၊ ရေပိုက်များန[illegible]က်သွယ်ရန်။

(ဃ) သက်ဆိုင်သော ဒေသန္တရအာဏာပိုင်က ခွင့်ပြုသော အဆောင်ခွဲနှင့် အလုပ်သမားတန်းလျားများမှအပ အဆိုပါ မြေကွက်ပေါ်၌ အဆောက်အအုံတစ်ခုထက်ပို၍ မဆောက်လုပ်ရန်။

(င) အငှားချထာ[illegible]၏ စာဖြင့် သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ၊ နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြား အတွင်းအဆိုပါ မြေကွက်ကို [illegible]ပါ၊ အခြားကိစ္စအတွက် အသုံးပြုရန်နှင့် အဆိုပါ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့်[illegible] [illegible]ခြားနည်း အသုံးမပြုရန်။

(စ) အငှားချထာ[illegible]၏ စာဖြင့် ကြိုတင်သဘောတူညီချက်မရရှိဘဲ၊ စာချုပ်ပါမြေကို ခွဲခြမ်းခြင်းမပြုရသည့်ပြင် ၎င်းမြေ ပါစ်စိတ်တစ်ဒေသကိုလည်[illegible]မပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လက်လွှတ်ခြင်းများမပြုလုပ်ရ။

(ဆ) ဤစာချုပ်[illegible]ပ်လျှဉ်း၍ မည်သည့်ကိစ္စအတွက်မဆို၊ အဆိုပါမြေကွက်သို့ဖြစ်စေ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆ[illegible]က်အအုံသို့ဖြစ်စေ၊နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေး ဝန်ကြီးဌာ[illegible]၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရ ဆောင်ရွက်သူများအား နေ့ခင်း သင့်တော်သည့် အချိန်များ[illegible]င် ဝင်ရောက်ခွင့်ပြုရန်။

(ဇ) ဤစာချုပ်အ[illegible] အငှားချထားသည့် နှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြား ကုန်ဆုံးသောအခါ အဆိုပါမြေကွက် တည်ရှိသည့် အဆောက်အ[illegible]ထိုအဆောက်အအုံနှင့် အမြဲတွဲကပ်ထားသော ပစ္စည်းမပါဝင်စေဘဲ၊အဆိုပါမြေကွက်ကိုအငှားချထားသူအား အေးဆေးစွာပြန်လည်ပေး[illegible]ပ်ရန်။ သို့ရာတွင် အငှားချထားသူက အပိုဒ် ၂-အရ အဆိုပါမြေကွက်ကို ပြန်လည်သိမ်းယူပြီး စာချုပ်ကိုရုပ်စဲလျှင် အဆို[illegible]မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသည့် အဆောက်အအုံ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ် ထားသောပစ္စည်းများကို အ[illegible]စာချုပ်ရသူက အငှားချထားသူအား အေးဆေးစွာ ပြန်လည်ပေးအပ်ရန်။

အပိုပဋိညာဉ်ခံချက်များ

[illegible]ဖော်ပြပါ မြေငှားခနှုန်းသည် ယာယီမျှသာဖြစ်၍ ၁၉၉၆ ခုနှစ် အတွင်းတွင် ဖြစ်စေ [illegible]ထိုနောက် အချိန်ကာလတွင် ပြန်လည်ပြင်ဆင်သင့်က ပြင်ဆင်စည်းကြပ်ရန် ဖြစ်သည်။

၂။ အဆိုပါ [illegible]ခကို ပေါင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ ကြိုတင်ပေးဆောင်ရမည့် သုံးလပတ်အတွက် မြေငှားခကို သို့တည်းမဟု[illegible] ၎င်း၏ အစိတ်အပိုင်းကို တိုသုံးလပတ်၏ ဒုတိယလ ဦးပိုင်းတွင် မပေးဆောင်သဖြင့် မြေငှားခ မပြေ ကျွန်ရှိလျှင် သို့တည်းမဟု[illegible]အငှားစာချုပ်ရသူသည် အထက်တွင် ဖော်ပြပါရှိသည့် ပဋိညာဉ်ခံချက်များအတိုင်း လိုက်နာဆောင်ရွက် ရန် ပျက်ကွက်လျှင် ပြည်ထ[illegible]င်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ မြေငှားခကို ရယူရန် ချက်ချင်း အမှုဖွင့်နိုင်သည်။ ထို့ပြင် သို့တည်းမဟုတ် ယခင်က ပဋိညာဉ်ခံ ချက် ပျက်ကွက်ခြင်းအတွက် [illegible]ယူပိုင်ခွင့်ကိုဖြစ်စေ၊အဆိုပါမြေကွက်ပြန်လည်သိမ်းယူနိုင်ခွင့်ကိုဖြစ်စေ စွန့်လွှတ်ခဲ့စေကာမူ ဤစာချုပ်ကို ပယ်ဖျက်၍အဆိုပါ မြေကွ[illegible]နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသော အဆောက်အအုံများ၊ ထိုအဆောက်အအုံ[illegible]နှင့် အမြဲတွယ်[illegible]ကပ်ထားသော ပစ္စည်းများကို သိမ်းယူနိုင်[illegible]သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။

(က) အပိုဒ် ၂-အရ၊ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့်နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ပျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက် စေရန် အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည်သိမ်းယူသည့် အချိန်တွင် ထိုမြေကွက်ပေါ်၌တည်ရှိနေသော အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများ သို့တည်းမဟုတ် ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊ အယ်ပတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ် ပျက်ဆီးယိုယွင်းခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၌ တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂-အရ၊ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူကနှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပဋိညာဉ်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ်ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန်မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၂၀၁၇.)ခုနှစ်၊ ဖေဖော်ဝါရီ လ၊ (၁၉.)ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံးသည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့်ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄ အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေးဆောင်ရန်။

(ဃ) ဤစာချုပ်ပါအခြားပြဋ္ဌာန်းချက်များတွင် ဆန့်ကျင်လျက်မည်သို့ပင်ပါရှိစေကာမူ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ပထမနှစ်ပေါင်းသုံးဆယ်အတွင်းသတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောမြေငှားခကို ပြေလည်အောင် ဆောင်ခဲ့သောကြောင့် လည်းကောင်း၊ ပြုလုပ်ထားသည့်ပဋိညာဉ်ခံချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ခဲ့သောကြော[illegible] လည်းကောင်း သတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောသုံးလပတ် မြေငှားခဖြင့်နောက်ထပ် နှစ်[illegible] သုံးဆယ်အတွက် ဆက်လက်၍ အဆိုပါမြေကွက်ကို ငှားရမ်း မြေငှားစာချုပ် အသစ်ချုပ်ဆိုရန် သဘောတူကြောင်း အဆိုပါ ပထမ နှစ်ပေါင်းသုံးဆယ်မပြည့်မီ အနည်းဆုံးခြောက်လကြိုတင်၍ အငှားရသူက အငှားချထားသူအား စာဖြင့် အကြောင်း[illegible] ရမည်။ [illegible]ကြောင်းကြားစာနှင့်အတူ ပထမမြေငှားစာချုပ်ကိုပေးအပ်လျှင် ထိုအကြောင်းကြားစာရရှိသည့်နေ့မှခြောက်လ[illegible] နှစ်ပေါင်းသုံးဆယ်အတွက် ပထမမြေငှားစာချုပ်ပါ ပဋိညာဉ်ခံချက်များနှင့်ဖြစ်နိုင်သမျှ တူညီသည့် ပဋိညာဉ် ခံချက်[illegible] မြေငှားစာချုပ် အသစ်ကို အငှားစာချုပ်ရသူ၏ စရိတ်ဖြင့် အငှားချထားသူကထုတ်ပေးရန်။ အကယ်၍ [illegible] ပထမမြေငှားစာချုပ်အရ နောက်ဆုံးပေးဆောင်ခဲ့ရသော သုံးလပတ်[illegible] အငှားစာချုပ်ရသူ[illegible]ရန်။

ဤစာချုပ်ပါစကားရပ်များကိုသိရှိနားလည်ကြပြီးဖြစ်သဖြင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့ရှေ့တွင် ဦးစီးဌာနတံဆိပ်ကိုခပ်နှိပ်၍ အဆိုပါညွှန်ကြားရေးမှူးချုပ်နှင့်အဆိုပါ [illegible] သည် ဤစာချုပ်ကိုအထက်၌ဖော်ပြခဲ့သည့်နေ့တွင် လက်မှတ် ရေးထိုးကြကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန

မြို့ - ရန်ကုန်

တံဆိပ်ကို ညွှန်ကြားရေးမှူးချုပ် ဦးအုံးကျော် ______ ညွှန်ကြားရေးမှူးချုပ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဂိုးလွင် ______ ဒုတိယညွှန်ကြားရေးမှူးချုပ်

နှင့် ညွှန်ကြားရေးမှူး ဦးတင်ဝင်း တို့
ရှေ့မှောက်၌ ခပ်နှိပ်၍ အဆိုပါ
ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်
ညွှန်ကြားရေးမှူးတို့လက်မှတ် ရေးထိုးသည်။

______ ညွှန်ကြားရေးမှူး

အသိသက်သေ။

ဒုတိယညွှန်ကြားရေးမှူး (မြေနှင့်အခွန်) ဦးထွန်းရင်

အငှားစာချုပ်ရသူ [illegible] က
လက်မှတ်ရေးထိုးသည်။

______ အငှားစာချုပ်ရသူ

အသိသက်သေ။


၁။ ______

______


ဦး ______ အကူမှ

အထက်တွင် ရည်ညွှန်းထားသည့် ယေား

ခွင့်ပြုပြီးမြေပုံဖြစ်သော လူနေရပ်ကွက်အမှတ် စက်မှုဇုန် (၅)
မြေတိုင်းရပ်ကွက်အမှတ် ______
ရန်ကုန်မြို့ လှိုင်သာယာ မြို့နယ်။
...း၌ရှိ ______ တန်းစား၊ မြေကွက်အမှတ် ၁၈၂.
...ည်။ ပူးတွဲပါ မြေပုံ၌ မင်နီဖြင့် ပြထားသော အလျား ______ ပေ၊ အနံ ______ ပေခန့်ရှိသော အလား အလာ
...လားသော် မဏ္ဍလာမဟာဗန္ဓုလသဘင်ကြီး ကော်ပြီလမ်း
...က်လားသော် မြေကွက်အမှတ်၊ ၁၈၁.
...လားသော် မြေကွက်အမှတ်၊ ၁၈၃.
...လားသော် မြေကွက်အမှတ်၊ ၁၇၉.
မြေအားလုံး ဧရိယာ ၁.၅၁၇ ဧက၊ (စတုရန်းပေ ၆၆၀၈၆-)




LOCATION PLAN




LAYOUT PLAN

OWNER/APPLICANT	UHLA WIN (A) GAW SIT MAR
PROJECT	PROPOSED 2 STOREY R.C.C BUILDING
BLOCK NO	[illegible]
LOT NO	၁၈၂
	HLAINGTHAYAR TOWNSHIP
SUBJECT	LOCATION PLAN LAYOUT PLAN
SCALE	N.T.S
SHEET NO	1
DATE	
L.S	




BACK ELEVATION
SCALE $3/64" = 1'0"$




FRONT ELEVATION
SCALE $3/64" = 1'0"$

OWNER/APPLICANT	U HLA WIN (A) GAW SIT MAR		
PROJECT	PROPOSED 2 STOREY R.C.C BUILDING		
	BLOCK NO	စက်မှုဇုန် ၂	
	LOT NO	၁၈၂	
	HLAINGTHAYAR TOWNSHIP		
SUBJECT	FRONT ELEVATION BACK ELEVATION		
SCALE	$3/64" = 1'0"$	SHEET NO	
DATE		4	
L.S			




FIRST FLOOR PLAN
SCALE 3/64" = 1'0"




GROUND FLOOR PLAN
SCALE 3/64" = 1'0"

OWNER/APPLICANT	U HLA WIN (A) GAW SIT MAR	
PROJECT	PROPOSED 2 STOREY R.C.C BUILDING	
	BLOCK NO	[illegible]
	LOT NO	[illegible]
	HLAINGTHAYAR TOWNSHIP	
SUBJECT	GROUND FLOOR PLAN FIRST FLOOR PLAN	
SCALE	3/64" = 1'0"	SHEET NO
DATE		2
L.S		



RIGHT SIDE ELEVATION
SCALE 3/64" = 1'.0"



LEFT SIDE ELEVATION
SCALE 3/64" = 1'.0'

OWNER/APPLICANT		
U HLA WIN (A) GAW SIT MAR		
PROJECT	PROPOSED 2 STOREY R.C.C BUILDING	
	BLOCK NO	စက်မှုဇုန်(၂)
	LOT NO	၁၈၂
	HLAINGTHAYAR TOWNSHIP	
SUBJECT	RIGHT SIDE ELEVATION LEFT SIDE ELEVATION	
SCALE	3/64" = 1'0"	SHEET NO
DATE		3
L.S		

Asia Wealth Bank Limited

China Town Branch

Date 18-11-99.

Balance Confirmation Certificate

We confirm that the balance at credit of current / saving / call deposit account No 0101110003762 of U / Daw Zaw Win with the Asia Wealth Bank Ltd. (China Town Branch) at the close of the business on 18-11-99 is (K 20000774.99) Kyats Twenty Millions, Seven hundred and Seventy-four and Pyas Ninety-nine only.

Manager
Asia Wealth Bank Ltd.
China Town Branch

(Manager)

Asia Wealth Bank Ltd.

China Town Branch

နိုင်ငံသား စိစစ်ရေး ကတ်ပြား ၁၂/မရက(နိုင်)



အရပ် - ၅'-၅"

သွေးအုပ်စု - အို

ထင်ရှားသည့်
အမှတ်အသား - မေး ရှေ့
အောက် မှဲ့ ရှိ

အမှတ် - ၁၀၈၈၅၇၂

ရက်စွဲ - ၁၀-၇-၉၂

အမည် - မောင်ဇော်ဝင်း

ဖခင်၏အမည် - ဂေါ်ဆမိမား(ခ) ဦးလှဝင်း

မွေးသက္ကရာဇ် - ၈-၁၀-၁၉၆၆

လူမျိုး - တရုတ်

ကိုးကွယ်သည့်ဘာသာ - ဗုဒ္ဓ

ထုတ်ပေးသူ၏လက်မှတ်
အမည် - ဦးတင်ဦး
ရာထူး - ဦးစီးဌာနမှူး
(ကမ်းမြင့်-လ/ထည့်နှင့်ကြားရေးမှူး)

သက်သေခံကတ်ပြားအမှတ် - MYGN-၀၁၀၃၇၆

လက်ဝဲလက်မပုံစံ

အလုပ်အကိုင် - မရှိ

နေရပ်လိပ်စာ - ၇၇-ဘူတာရုံလမ်း
၂ ရပ်ကွက်-မရမ်းကုန်း

ထိုးမြဲလက်မှတ် - ဇော်ဝင်း

မှတ်ချက် (၁) ခရီးသွားသည့်အခါ တစ်ပါတည်း ယူဆောင်သွားရမည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးရုံး ထံသို့ သတင်းပေးပို့ရမည်။

ဖောင် ၂၀၄
၄၅၉၈၁/၆၁
ဖြည့်ခွက်
မြ ၂၀၀၄၄-၉၃/၇၂

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ

ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ

(မူကြမ်း)

❖❖❖❖❖❖❖❖❖❖

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

AND

Articles Of Association

OF

WIN GARMENT MANUFACTURING CO.,LTD

(DRAFT)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ

ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

❖❖❖❖❖❖❖❖❖❖

၁။ ကုမ္ပဏီ၏ အမည်သည် **ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်** ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင်အလုပ်တိုက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၃။ ကုမ္ပဏီ၏ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာတစ်ဖက်စာမျက်နှာပါအတိုင်းဖြစ်ပါသည်။

၄။ အစုဝင်များ၏ ပေးရန်တာဝန်ကိုကန့်သတ်ထားသည်။

၅။ ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းသည် ကျပ် ၃၀၀,၀၀၀,၀၀၀/- (ကျပ်သန်းသုံးရာတိတိ) ဖြစ်၍ ငွေကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ) တန်အစုရှယ်ယာပေါင်း (၃၀၀၀၀)ခွဲထားသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏စည်းမျဉ်းများနှင့် လက်ရှိတရားဝင်တည်ဆဲဖြစ်နေသော တရားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေသင်းလုံးကျွတ်အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာ ရှိစေရမည်။

(၁) နိုင်ငံတော်အစိုးရက ခွင့်ပြုထားသော အောက်ဖော်ပြပါကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ကြိတ်ခွဲခြင်းနှင့်ပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မိမိတစ်ဦးတည်းဖြစ်စေ၊ မည်သည့် ပြည်တွင်း ပြည်ပပုဂ္ဂိုလ်များနှင့် ဖက်စပ်၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရန်။

(က) (ကျွန်းမှအပ) သစ်နှင့် သစ်တောထွက်ပစ္စည်းများအား (သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်) ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ ခွဲစိတ်ခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ တာရှည်ခံအောင် ပြုပြင်ခြင်းနှင့် အသားသေစေခြင်း၊

(ခ) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊

(ဂ) ယာဉ်နှင့်စက်ကိရိယာများ၊ အပိုပစ္စည်းများ ထုတ်လုပ်ခြင်း၊

(ဃ) အထည်အလိပ်နှင့် အဝတ်အထည်များ ထုတ်လုပ်ခြင်း၊

(၂) အထက်ဖော်ပြပါလုပ်ငန်းများတွင် လိုအပ်သည့်စက်ကရိယာများ၊ အပိုပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများနှင့် အခြားသောပစ္စည်းများကို ပြည်ပမှတင်သွင်းရန်နှင့် ထွက်ရှိလာသောကုန်ချောများ၊ တစိတ်တဒေသ ကုန်ချောများကို ပြည်တွင်းပြည်ပတွင် လက်လီလက်ကားရောင်းချရန်။

(၃) ကုမ္ပဏီမှသင့်လျော်လျောက်ပတ်သည်ဟုယူဆပါက ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန်အတွက် မည်သည့်ပုဂ္ဂိုလ်၊ စီးပွားရေးအဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းထံမှမဆို ငွေချေးယူရန်။

ခြွင်းချက်။ ။ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ဖြစ်စေ၊ အခြားမည်သည့်အရပ်ဒေသ၌ ဖြစ်စေ၊ အချိန်ကာလအလိုက်တည်မြဲနေသော တရားဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များကခွင့်ပြုထားသည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုပါ။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ အချိန်ကာလအားလျော်စွာ တည်မြဲနေသည့် တရားဥပဒေပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် လျော်ညီသင့်တော်ခြင်း သို့မဟုတ် ခွင့်ပြုထားခြင်းရှိမှသာလျှင် လုပ်ငန်းများကိုဆောင်ရွက်မည် ဟုခြွင်းချက်ထားရှိပါသည်။

အောက်တွင် အမည်၊ နေရပ် နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့မှတ်တမ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ဖော်ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်ကြသူများ၏ အမည်၊ နေရပ်လိပ်စာ နှင့် အကြောင်းအရာ	နိုင်ငံသား၊ အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
၁။	ဦးဇော်ဝင်း အမှတ် (၉၆)၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၁၂/မရက(နိုင်) ၁၀၈၅၈၂		
၂။	ဦးလှဝင်း(ခ)ဂေါ်ဆစ်မား အမှတ် ၁၀၆(အေ)၊ မြေညီထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၁၂/လသန(နိုင်) ၀၁၈၆၅၆		
၃။	ဦးပေါက်စ(ခ)ဂေါ်လိန်တီယမ် အမှတ် (၉၆)၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၁၂/မရက(နိုင်) ၁၀၈၅၆၉		

ရန်ကုန်။ နေ့စွဲ၊ ၂၀၀၀ ခုနှစ်၊ လ၊ ရက်နေ့။

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်၏ ရှေ့မှောက်တွင်လက်မှတ်ရေးထိုးကြပါသည်။

ဦးသန်းစိုးလင်း (**B.Com (Q), C.P.A**)
လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စာရင်းစစ်
အမှတ် ၁၅၃၊ ပထမထပ်(ယာ)၊ ၄၈ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၂၉၂၃၈၃)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ

ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ

❖❖❖❖❖❖❖❖❖❖

ပဏာမ

၁။ ဤသင်းဖွဲ့စည်းမျဉ်းနှင့်လိုက်လျောညီထွေမဖြစ်သည့် စည်းမျဉ်းများမှအပ၊ မြန်မာနိုင်ငံကုမ္ပဏီများအက် ဥပဒေ နောက်ဆက်တွဲပထမဇယားပုံစံ "က" ပါစည်းမျဉ်းများသည် ဤကုမ္ပဏီနှင့်သက်ဆိုင်စေရမည်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ၁၇(၂) တွင်ဖော်ပြပါရှိသည့် မလိုက်နာမနေရ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် အစဉ်သဖြင့်သက်ဆိုင်စေရမည်။

အများနှင့်မသက်ဆိုင်သောကိုယ်ပိုင်ကုမ္ပဏီ

၂။ ဤကုမ္ပဏီသည် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီဖြစ်၍ အောက်ပါသတ်မှတ်ချက်များသည် အကျိုးသက် ရောက်စေရမည်။

(က) ဤကုမ္ပဏီက ခန့်အပ်ထားသောဝန်ထမ်းများမှအပ၊ ဤကုမ္ပဏီ၏အစုရှင်အရေအတွက်ကို ငါးဆယ် အထိသာ ကန့်သတ်ထားသည်။

(ခ) ဤကုမ္ပဏီ၏ အစုရှယ်ယာ သို့မဟုတ် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့(ခ်) တစ်ခုခုအတွက် ငွေထည့်ဝင်ရန် အများပြည်သူ တို့အား ကမ်းလှမ်းခြင်းမပြုလုပ်ရန် တားမြစ်သည်။

မတည်ရင်းနှီးငွေနှင့် အစုရှယ်ယာ

၃။ ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းသည် ကျပ် ၃၀၀,၀၀၀,၀၀၀/- (ကျပ်သန်းသုံးရာတိတိ) ဖြစ်၍ ငွေကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ) တန်အစုရှယ်ယာပေါင်း (၃၀၀၀၀)ခွဲထားသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏စည်းမျဉ်းများနှင့် လက်ရှိတရားဝင်တည်ဆဲဖြစ်နေသော တရားဥပဒေပြဋ္ဌာန်း ချက်များ နှင့်အညီ အထွေထွေသင်းလုံးကျွတ်အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့်ပြင်ဆင်နိုင်ခွင့် အာဏာ ရှိစေရမည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါပြဋ္ဌာန်းချက်များကို မထိခိုက်စေလျှက်အစုရှယ်ယာများသည် ဒါရိုက်တာ များ၏ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိစေရမည်။ ၎င်းဒါရိုက်တာများသည် သင့်လျော်သောပုဂ္ဂိုလ်များအား သတ်မှတ်ချက်အခြေအနေတစ်စုံတစ်ရာဖြင့် အစုရှယ်ယာများကိုခွဲဝေချထားခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်း တို့ကိုဆောင်ရွက်နိုင်သည်။

၅။ အစုရှယ်ယာလက်မှတ်များကို အထွေထွေမန်နေဂျာ သို့မဟုတ် ဒါရိုက်တာအဖွဲ့ကသတ်မှတ်သည့် အခြားပုဂ္ဂိုလ်များကလက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏တံဆိပ်ရိုက်နှိပ်ထုတ်ပေးရမည်။ အစုရှယ်ယာလက်မှတ်သည် ပုံပန်းပျက်ခြင်း၊ ပျောက်ဆုံးခြင်း၊ သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက အဖိုးအခဖြင့်ပြန်လည်အသစ်ပြုလုပ်ပေးမှုကို သော်လည်းကောင်း၊ ဒါရိုက်တာများက သင့်လျော်သည်ဟုယူဆသော အခြားသက်သေခံ အထောက်အထားတစ်စုံတစ်ရာကို တင်ပြစေ၍သော်လည်းကောင်း ထုတ်ပေးနိုင်သည်၊ ကွယ်လွန်သွားသော အစုရှယ်ယာရှင်တစ်ဦး၏ တရားဝင်ကိုယ်စားလှယ်ကို ဒါရိုက်တာများကအသိအမှတ်ပြုပေးရမည်။

၆။ ဒါရိုက်တာများသည် အစုရှင်များက ၎င်းတို့၏အစုရှယ်ယာများအတွက် မပေးသွင်းရသေးသောငွေများကို အခါအားလျော်စွာ တောင်းဆိုနိုင်သည်။ အစုရှင်တိုင်းကလည်း ၎င်းတို့ထံတောင်းဆိုသည့်အကြိမ်တိုင်းအတွက် ဒါရိုက်တာများကသတမှတ်သည့်ပုဂ္ဂိုလ်များထံ သတ်မှတ်သည့်နေရာနှင့်အချိန်တွင် ပေးသွင်းစေရန်တာဝန်ရှိစေရမည်။ ဆင့်ခေါ်မှုတစ်ခုအတွက် အရစ်ကျပေးသွင်းစေခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းတို့ကို ဒါရိုက်တာများကသတ်မှတ်နိုင်သည်။

ဒါရိုက်တာများ

၇။ သင်းလုံးကျွတ်အစည်းအဝေးက တစ်စုံတစ်ရာသတ်မှတ်ပြဋ္ဌာန်းမှု မပြုလုပ်သမျှ ဒါရိုက်တာများ၏ အရေအတွက်သည် (၂) ဦးထက် မနည်း (၉) ဦးထက်မများစေရ။

ပထမဒါရိုက်တာများသည်-

(၁) ဦးဇော်ဝင်း
(၂) ဦးလှဝင်း(ခ)ဂေါ်ဆစ်မား
(၃) ဦးပေါက်စ(ခ)ဂေါ်လိန်တီယမ် တို့ဖြစ်ကြပါသည်။

၈။ ဒါရိုက်တာများသည် ၎င်းတို့အနက်မှတစ်ဦးကို မန်နေဂျင်းဒါရိုက်တာအဖြစ် အချိန်အခါအလိုက် သင့်လျော်သောသတ်မှတ်ချက်များ၊ ဥာဏ်ပူဇော်ခများဖြင့် ခန့်ထားရမည်ဖြစ်ပြီး အခါအားလျော်စွာ ဒါရိုက်တာအဖွဲ့က ပေးအပ်သော အာဏာများအားလုံးကို ၎င်းကအသုံးပြုနိုင်သည်။

၉။ ဒါရိုက်တာတစ်ဦးဖြစ်မြောက်ရန် လိုအပ်သောအရည်အချင်းသည် ကုမ္ပဏီ၏အစုရှယ်ယာ အနည်းဆုံး (-) စု ကို ပိုင်ဆိုင်ခြင်းဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၈၅ ပါပြဋ္ဌာန်းချက်များကို လိုက်နာ ရန်တာဝန်ရှိသည်။

၁၀။ အစုရှယ်ယာများလွှဲပြောင်းရန်တင်ပြချက်ကို မည်သည့်အကြောင်းပြချက်မျှမပေးဘဲ ဒါရိုက်တာအဖွဲ့သည် ၎င်းတို့ ၏ ပြည့်စုံ၍ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ၏ဆောင်ရွက်ချက်များ

၁၁။ ဒါရိုက်တာများသည် ၎င်းတို့သင့်လျော်သည် ထင်မြင်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခြင်း၊ အစည်းအဝေးရွှေ့ဆိုင်းခြင်း၊ အချိန်မှန်စည်းဝေးခြင်း၊ အစည်းအဝေးအထမြောက်ရန် အနည်းဆုံး ဒါရိုက်တာဦးရေသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ယင်းသို့မသတ်မှတ်ပါက ဒါရိုက်တာနှစ်ဦးတက်ရောက်လျှင် အစည်းအဝေး အထမြောက်ရမည်။ အစည်းအဝေးတွင် မည်သည့်ပြဿနာမဆိုပေါ်ပေါက်ပါက မန်နေဂျင်းဒါရိုက်တာ၏ အဆုံးအဖြတ်သည် အတည်ဖြစ်စေရမည်။ မည်သည့်ကိစ္စများကိုမဆို မဲခွဲဆုံးဖြတ်ရာတွင် မဲအရေအတွက်တူနေပါက သဘာပတိသည် ဒုတိယမဲ သို့မဟုတ် အနိုင်မဲကို ပေးနိုင်သည်။

၁၂။ ဒါရိုက်တာများ၏အစည်းဝေးကို မည်သည့်ဒါရိုက်တာက မဆို အချိန်မရွေး ခေါ်နိုင်သည်။

၁၃။ ဒါရိုက်တာ အားလုံးက လက်မှတ်ရေးထိုးထားသော ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက်ကဲ့သို့ပင် ကိစ္စအားလုံး အတွက် အကျိုးသက်ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲ ဇယားပုံစံ (က)ပါ စည်းမျဉ်းအပိုဒ် ၇၁ တွင် ပေးအပ်ထားသော အထွေထွေ အာဏာများကို မထိခိုက်စေဘဲဒါရိုက်တာများသည် အောက်ဖော်ပြပါ အာဏာများ ရှိရမည်ဟု အတိအလင်း ထုတ်ဖော်ကြေညာသည်။ အာဏာဆိုသည်မှာ–

(၁) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော တန်ဖိုးနှင့်စည်းကမ်းများ၊ အခြေအနေများ သတ်မှတ်၍ ကုမ္ပဏီက ရယူရန် အာဏာရှိသည့် မည်သည့်ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို ဝယ်ယူရန် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ရယူပိုင်ဆိုင်ရန်အပြင် ကုမ္ပဏီက ပိုင်ဆိုင်ခွင့်ရှိသော မည်သည့် ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို သင့်တော်သော စည်းကမ်းချက်များ သတ်မှတ်၍ ရောင်းချခြင်း၊ အငှားချခြင်း၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် အခြား နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်။

(၂) သင့်လျော်သော စည်းကမ်း သတ်မှက်ချက်များဖြင့် ငွေကြေးများကို ချေးငှားရန် သို့မဟုတ် အဆိုပါချေးငှားသော ငွေကြေးများကို ပြန်လည် ပေးဆပ်ရန်အတွက် အာမခံများ ထားရှိရန်အပြင်၊ အထူးသဖြင့် ဤကုမ္ပဏီ၏ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့(ခ်)များ၊ ခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ယခုလက်ရှိနှင့် နောင်ရှိမည့် ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ ထုတ်ဝေရန်။

(၃) ဤကုမ္ပဏီက ရယူထားသော အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငွေကြေးအားဖြင့် ပေးချေရန်၊ သို့မဟုတ် အစုရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ၊ သို့မဟုတ် ဤကုမ္ပဏီ၏ အခြားသော အာမခံစာချုပ်များကို ထုတ်ပေးရန်၊ ထို့အပြင် အဆိုပါ အစုရှယ်ယာများ ထုတ်ပေးရာ၌ ငွေအပြည့် ပေးသွင်းပြီးသော အစုရှယ်ယာအနေဖြင့် သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော အစုရှယ်ယာများ အနေဖြင့် သော်လည်းကောင်း သဘောတူညီသကဲ့သို့ ထုတ်ဝေပေးရန်နှင့် အဆိုပါ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီ၏ အခြားသော အာမခံစာချုပ်များဖြင့် ထုတ်ဝေပေးရာ၌ ခေါ်ဆိုခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ဖြစ်စေ၊ ထိုကဲ့သို့မဟုတ်ဘဲဖြစ်စေ ထုတ်ပေးရန်။

(၄) ဤကုမ္ပဏီနှင့် ပြုလုပ်ထားသော ကန်ထရိုက်စာချုပ်များ၊ တာဝန်ယူထားသည့် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်စေခြင်း အလို့ငှာ ခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းရပ်များ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေါင်နှံ၍ သော်လည်းကောင်း၊ အပေါင်ပြု၍ သော်လည်းကောင်း သို့မဟုတ် အစုရှယ်ယာများအတွက် ငွေများ တောင်းခံခေါ်ယူ၍ သော်လည်းကောင်း ခွင့်ပြုရန် သို့မဟုတ် သင့်လျော်သည့်အတိုင်း ဆောင်ရွက်ရန်။

(၅) မန်နေဂျာများ၊ အတွင်းရေးမှူးများ၊ အရာရှိများ၊ စာရေးများ၊ ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများကို အမြဲတမ်း၊ ယာယီ သို့မဟုတ် အထူးကိစ္စရပ်များအတွက် ခန့်ထားခြင်း၊ ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်းများအတွက် လည်းကောင်း၊ အဆိုပါ ပုဂ္ဂိုလ်တို့၏ တာဝန်များ၊ အာဏာများ၊ လစာငွေများ၊ အခြားငွေကြေးများကို သတ်မှတ်ရာ၌ လည်းကောင်း၊ အာမခံပစ္စည်းများ တောင်းခံရာ၌ လည်းကောင်း သင့်လျော်သလို ဆောင်ရွက်ရန်၊ ထို့အပြင် အဆိုပါ ကိစ္စရပ်များအတွက် ကုမ္ပဏီ၏ မည်သည့် အရာရှိကိုမဆို ကိစ္စရပ် အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဒါရိုက်တာများ၏ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် တာဝန်လွှဲအပ်ရန်။

(၆) ဤကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအား ဒါရိုက်တာရာထူးနှင့် တွဲဖက်၍ မန်နေဂျင်း ဒါရိုက်တာ၊ အထွေထွေ မန်နေဂျာ၊ အတွင်းရေးမှူး သို့မဟုတ် ဌာနခွဲ မန်နေဂျာအဖြစ် ခန့်ထားရန်။

(၇) မည်သည့် အစုရှင်ထံမှမဆို ၄င်းတို့၏ အစုရှယ်ယာများ အားလုံးကို ဖြစ်စေ၊ အချို့အဝက်ကို ဖြစ်စေ စွန့်လွှတ်ခြင်းအား သဘောတူညီသော စည်းကမ်းများဖြင့် လက်ခံရန်။

(၈) ဤကုမ္ပဏီက ပိုင်ဆိုင်သော သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသော သို့မဟုတ် အခြားအကြောင်းများကြောင့်ဖြစ်သော မည်သည့် ပစ္စည်းကိုမဆို ကုမ္ပဏီ၏ကိုယ်စား လက်ခံထိန်းသိမ်းထားရန်အတွက် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များကိုမဆို ခန့်ထားရန်နှင့် အဆိုပါ ယုံမှတ် အပ်နှံခြင်းများနှင့် ပတ်သက်၍ လိုအပ်သော စာချုပ်စာတမ်းများ ချုပ်ဆို ပြုလုပ်ရန်။

(၉) ဤကုမ္ပဏီ၏ အရေးအရာများနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီက ပြုလုပ်သော သို့မဟုတ် ဤကုမ္ပဏီအပေါ် သို့မဟုတ် ဤကုမ္ပဏီ၏ အရာရှိများအပေါ် ပြုလုပ်သော တရားဥပဒေအရ စွဲဆို ဆောင်ရွက်မှုများကို တရားစွဲဆို၊ အရေးယူ၊ ခုခံကာကွယ်ရန် သို့မဟုတ် ခွင့်လွှတ်ရန်၊ ထို့အပြင် ဤကုမ္ပဏီက ရရန်ရှိသော ကြွေးမြီများနှင့် ဤကုမ္ပဏီအပေါ် တောင်းခံသော ကြွေးမြီများနှင့် ပတ်သက်၍ ပေးဆပ်ရန် အချိန်ကာလ ရွှေ့ဆိုင်းခွင့်ပြုခြင်း သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူ ကျေအေးခြင်းများ ပြုလုပ်ရန်။

(၁၀) ဤကုမ္ပဏီက ပေးရန်ရှိသော သို့မဟုတ် ရရန်ရှိသော ငွေတောင်းခံခြင်းများကို ဖြန်ဖြေရေး ခုံသမာဓိထံသို့ ဖြေရှင်းရန်အတွက် အပ်နှံရန်အပြင် ဖြန်ဖြေရေး ခုံသမာဓိ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၁) ဤကုမ္ပဏီက ရရန်ရှိသော တောင်းဆိုချက်၊ တောင်းခံချက်များနှင့် ကုမ္ပဏီသို့ ပေးရန်ရှိသော ငွေကြေးများအတွက် ပြေစာများ ပြုလုပ် ထုတ်ပေးခြင်း၊ လျှော်ပစ်ခြင်းနှင့် အခြားသောနည်းဖြင့် စွန့်လွှတ်ခြင်းများကို ပြုလုပ်ရန်။

(၁၂) လူမွဲစာရင်းခံရခြင်း၊ ကြွေးမြီ မဆပ်နိုင်ခြင်း ကိစ္စများနှင့် ပတ်သက်၍ ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ရန်။

(၁၃) ငွေလွှဲစာတမ်းများ၊ ချက်လက်မှတ်များ၊ ဝန်ခံကတိစာချုပ်များ၊ ထပ်ဆင့် လက်မှတ်ရေးထိုးခြင်းများ၊လျှော်ပစ်ခြင်းများ၊ ကန်ထရိုက် စာချုပ်များနှင့် စာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား မည်သူက လက်မှတ်ရေးထိုးခွင့်ရှိသည်ကို စိစစ်သတ်မှတ်ရန်။

(၁၄) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက သင့်လျော် လျောက်ပတ်သောနည်းလမ်းများဖြင့် လတ်တလော အသုံးပြုရန် မလိုသေးသော ကုမ္ပဏီပိုင် ငွေများကို အာမခံပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံထားရန်နှင့် စီမံခန့်ခွဲထားရန်။ ထို့ပြင် အချိန်ကာလအားလျော်စွာ မြှုပ်နှံထားသောငွေကို ပြန်လည်ရယူရန်နှင့် ပြင်ဆင်ပြောင်းလွှဲရန်။

(၁၅) ဤကုမ္ပဏီ၏ အကျိုးအတွက် ငွေကြေး စိုက်ထုတ် ကုန်ကျခံထားသော ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်များက ကုမ္ပဏီ၏ (လက်ရှိနှင့် နောင်တွင်ရှိမည့်) ပစ္စည်းများကို ဤကုမ္ပဏီ၏ အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ ပေါင်နှံခြင်းကို သင့်လျော်သည်ဟု ယူဆပါက ဆောင်ရွက်ခွင့်ပြုရန်။ အဆိုပါ ပေါင်နှံခြင်းဆိုရာ၌ ရောင်းချနိုင်သည့် အာဏာနှင့် အခြားသော သဘောတူညီထားသည့် တရားဝင် သဘောတူညီချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များပါ ပါဝင်သည်။

(၁၆) ဤကုမ္ပဏီက ခန့်အပ်ထားသော မည်သည့်အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို အတိအကျ ဆောင်ရွက်ခဲ့သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက် ရရှိသော အမြတ်ငွေမှ ကော်မရှင်ပေးခြင်း သို့မဟုတ် ကုမ္ပဏီ၏ အထွေထွေ အမြတ်အစွန်းမှ ခွဲဝေပေးခြင်းများ ပြုလုပ်ရန်နှင့် အဆိုပါ ကော်မရှင်များ၊ အမြတ်များခွဲဝေပေးခြင်း စသည်တို့ကို ဤကုမ္ပဏီ၏ လုပ်ငန်းကုန်ကျစရိတ် တစ်စိတ်တစ်ဒေသအဖြစ် သတ်မှတ်ရန်။

(၁၇) ဤကုမ္ပဏီ၏ လုပ်ငန်းများ၊ အရာရှိများ ဝန်ထမ်းများနှင့် အစုရှင်များအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ စည်းကမ်းချက်များ၊ စည်းကမ်းဥပဒေများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်။

(၁၈) ဤကုမ္ပဏီ၏ လုပ်ငန်းအတွက် ဤကုမ္ပဏီ၏အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ လိုအပ်သည်ဟု ယူဆလျှင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းများကို ပြုလုပ်ရန်၊ ဖျက်သိမ်းရန်နှင့် ပြင်ဆင်ရန် အပြင် အဆိုပါ ဆောင်ရွက်ချက် စာချုပ်များနှင့် ကိစ္စရပ်များကို လည်းကောင်း၊ ၄င်းတို့နှင့် စပ်လျဉ်းသော ကိစ္စရပ်များကို လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၉) ဒါရိုက်တာများက သင့်လျော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန်အတွက် မည်သည့် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းထံမှ မဆို ငွေချေးယူရန်။

အထွေထွေအစည်းအဝေးကြီးများ

၁၅။ ကုမ္ပဏီကိုဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးသည့်နေ့မှ တစ်ဆယ့်ရှစ်လအတွင်း အထွေထွေသင်းလုံးကျွတ် အစည်းအဝေးကြီးကိုကျင်းပရမည်။ ထို့နောက် ဒါရိုက်တာအဖွဲ့က သတ်မှတ်ပေးသည့် အချိန်နှင့် နေရာများတွင် ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် (နောက်ဆုံးကျင်းပသည့် အထွေထွေအစည်းအဝေးကြီးနှင့် တစ်ဆယ့်ငါးလထက်မပိုသည့်အချိန်၌) ကျင်းပရမည်။ သင်းလုံးကျွတ် အစည်းအဝေးစတင်၍ လုပ်ငန်းအတွက် ဆွေးနွေးချိန်တွင် အစည်းအဝေးအထမြောက်ရန် သတ်မှတ်သည့် အစုရှင်အရေအတွက် မတက်ရောက်သော မည်သည့်သင်းလုံးကျွတ် အစည်းအဝေးတွင်မဆို လုပ်ငန်းနှင့် ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုရ။ ဤတွင်အခြားနည်း သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိလျှင် ထုတ်ဝေထားသည့် မ,တည် ရင်းနှီးငွေ အစုရှယ်ယာများ၏ ငါးဆယ်ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်ကြသည့် (နှစ်ဦးထက်မနည်းသော) အစုရှင်များ ကိုယ်တိုင်တက်ရောက်လျှင် လုပ်ငန်းကိစ္စအားလုံး ဆောင်ရွက်ရန်အတွက် အစည်းအဝေးအထမြောက်သည့်ဦးရေ ဖြစ်သည်။ အကယ်၍ ကုမ္ပဏီတွင်အစုရှင်အရေအတွက် နှစ်ဦးတည်းသာရှိသည့် ကိစ္စတွင်မူ ထိုနှစ်ဦးတည်းသည်ပင်လျှင် အစည်းအဝေး အထမြောက်ရန် သတ်မှတ်သည့် အရေအတွက်ဖြစ်စေရမည်။

အမြတ်ဝေစုများ

၁၆။ သင်းလုံးကျွတ်အစည်းအဝေးတွင် ဤကုမ္ပဏီ၏ အစုရှင်များအား ခွဲဝေပေးမည့် အမြတ်ဝေစုကို ကြေညာရမည်။ သို့ရာတွင် အမြတ်ဝေစုသည် ဒါရိုက်တာများက ထောက်ခံသော ငွေပမာဏထက် မကျော်လွန်စေရ။ သက်ဆိုင်ရာနှစ်၏ အမြတ်ပမာဏ သို့မဟုတ် အခြားမခွဲဝေရသေးသည့် အမြတ်ပမာဏမှအပ အမြတ်ဝေစုကို ခွဲဝေမပေးရ။

ရုံးဝန်ထမ်းများ

၁၇။ ကုမ္ပဏီသည် လုပ်ငန်းရုံးတစ်ခုကို ဖွင့်လှစ်၍ ဆောင်ရွက်မည်ဖြစ်ပြီး အရည်အချင်း ပြည့်မီသူပုဂ္ဂိုလ်တစ်ဦးအား အထွေထွေမန်နေဂျာအဖြစ် ခန့်အပ်ရန်နှင့် အခြားအရည်အချင်း ပြည့်မီသူများအား ရုံးဝန်ထမ်းများအဖြစ် ခန့်အပ်မည်ဖြစ်သည်။ လစာ၊ ခရီးသွားလာစရိတ်နှင့် အခြားအသုံးစရိတ်များကဲ့သို့သော ဥာဏ်ပူဇော်ခများနှင့် အခကြေးငွေများကို ဒါရိုက်တာအဖွဲ့က သတ်မှတ်မည်ဖြစ်ပြီး ၎င်းသတ်မှတ်ချက်များကို သင်းလုံးကျွတ် အစည်းအဝေးက အတည်ပြုရမည်။ အထွေထွေမန်နေဂျာသည် လုပ်ငန်းရုံး၏ ထိရောက်စွာလုပ်ငန်း လည်ပတ်မှုအားလုံးအတွက် တာဝန်ရှိစေရမည်ဖြစ်ပြီး မန်နေဂျင်း ဒါရိုက်တာအားတာဝန်ခံ၍ ဆောင်ရွက်ရမည်။

ငွေစာရင်းများ

၁၈။ ဒါရိုက်တာများသည် သင့်လျော်သည့် ငွေစာရင်းစာအုပ်များကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ထားသိုထိန်းသိမ်း ဆောင်ရွက်ရမည်။

(၁) ကုမ္ပဏီ၏ ရငွေ၊ သုံးငွေများ၏ ပမာဏနှင့် ၎င်းရငွေ၊ သုံးငွေများ ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကိစ္စများ။

(၂) ကုမ္ပဏီ၏ ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများ။

(၃) ဤကုမ္ပဏီ၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ။

၁၉။ ငွေစာရင်းစာအုပ်အားလုံးကို ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လုပ်ငန်းရုံး သို့မဟုတ် ဒါရိုက်တာများက သင့်လျော်သည်ဟု ထင်မြင်ယူဆသော အခြားနေရာတွင် သိမ်းဆည်းထားရမည်ဖြစ်ပြီး ရုံးချိန်အတွင်း၌ ဒါရိုက်တာများက စစ်ဆေးနိုင်ရန် ပြသထားရမည်။

စာရင်းစစ်

၂၀။ စာရင်းစစ်များကို ခန့်အပ်ထားရမည်။ ၎င်းစာရင်းစစ်များ၏ တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းများနှင့် လိုက်လျောညီထွေ ဖြစ်ရမည်။

နို့တစ်စာ

၂၁။ ဤကုမ္ပဏီသည် မည်သည့်အစုရှင်ထံသို့မဆို နို့တစ်စာကို လက်ရောက်ပေးအပ်ခြင်း သို့မဟုတ် နို့တစ်စာပါသော စာကို စာတိုက်ခ ကြိုတင်ပေးထား၍ ၎င်းအစုရှင်ထံ မှတ်ပုံတင်လိပ်စာအတိုင်း စာတိုက်မှတစ်ဆင့် လိပ်မူ ပေးပို့ခြင်းအားဖြင့် ပေးပို့နိုင်သည်။

တံဆိပ်

၂၂။ ဒါရိုက်တာများသည် တံဆိပ်ကို လုံခြုံစွာထိန်းသိမ်းထားရန်အတွက် စီမံဆောင်ရွက်ရမည်။ ထိုတံဆိပ်ကို ဒါရိုက်တာများကကြိုတင်ပေးအပ်ထားသည့် ခွင့်ပြုချက်ဖြင့်မှတစ်ပါး၊ ထို့အပြင် အနည်းဆုံး ဒါရိုက်တာတစ်ဦး ရှေ့မှောက်တွင်မှ တစ်ပါး မည်သည့်အခါမျှ မသုံးရ။ တံဆိပ်ရိုက်နှိပ်ထားသည့် စာရွက်စာတမ်းတိုင်းတွင် ထိုဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

လျော်ကြေး

၂၃။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၆ (ဂ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ လက်ရှိတရားဝင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ၊ စာရင်းစစ်၊ အတွင်းရေးမှူး သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးမှာ မိမိ၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌ဖြစ်စေ၊ ထိုတာဝန် ဝတ္တရားများနှင့် စပ်လျဉ်း၍ဖြစ်စေ ကျခံခဲ့ရသည့်စရိတ်များ၊ တောင်းခံငွေများ၊ ဆုံးရှုံးငွေများ၊ ကုန်ကျငွေများနှင့် ကြွေးမြီတာဝန်များ အတွက် ကုမ္ပဏီထံမှ လျော်ကြေး ရထိုက်ခွင့်ရှိစေရမည်။

ဖျက်သိမ်းခြင်း

၂၄။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီအား ဖျက်သိမ်းနိုင်သည်။ ယင်းသို့ ဖျက်သိမ်းရာတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေများနှင့် ယင်းဥပဒေများအား အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲထားသည့် တရားဥပဒေများတွင် ပါဝင်သည့် စည်းမျဉ်းများအတိုင်း လိုက်နာပြုလုပ်ရမည်။

❖ ❖ ❖ ❖ ❖ ❖ ❖

အောက်တွင် အမည်၊ နေရပ် နှင့် အကြောင်းအရာ စုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့စည်းမျဉ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျှောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ ဖော်ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်ကြသူများ၏ အမည်၊ နေရပ်လိပ်စာ နှင့် အကြောင်းအရာ	နိုင်ငံသား၊ အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
၁။	ဦးဇော်ဝင်း အမှတ် (၉၆)၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၁၂/မရက(နိုင်) ၁၀၈၅၅၂		
၂။	ဦးလှဝင်း(ခ)ဂေါ်ဆစ်မား အမှတ် ၁၀၆(အေ)၊ မြေညီထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၁၂/လသန(နိုင်) ၀၁၅၆၅၆		
၃။	ဦးပေါက်စ(ခ)ဂေါ်လိန်တီယမ် အမှတ် (၉၆)၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၁၂/မရက(နိုင်) ၁၀၈၅၆၉		

ရန်ကုန်။ နေ့စွဲ၊ ၂၀၀၀ ခုနှစ်၊ လ၊ ရက်နေ့။

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်၏ ရှေ့မှောက်တွင်လက်မှတ်ရေးထိုးကြပါသည်။

ဦးသန်းစိုးလင်း (B.Com (Q), C.P.A)
လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စာရင်းစစ်
အမှတ် ၁၅၃၊ ပထမထပ်([illegible] ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၂၉၂၃၈၃)

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

OF

WIN GARMENT MANUFACTURING CO.,LTD

❖❖❖❖❖❖❖❖❖

I. The name of the Company is WIN GARMENT MANUFACTURING COMPANY LIMITED.

II. The registered office of the Company will be situated in the Union of Myanmar.

III. The objects for which the Company is established are as on the next page.

IV. The liability of the members is limited.

V. The authorised capital of the Company is Ks. 300,000,000/-(Kyats Three Hundred Million only) divided into (30000) (Thirty Thousand) shares of Ks. 10,000/- (Kyats Ten Thousand only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being force in this behalf.

(1) To carry on the business of manufacturing, growing, milling and preserving etc of the following commodities and products permitted by the Government, solely on its own or in joint-venture with any local or foreign partners.

(a) Felling, extracting (with the permission from the authorities concerned), milling, manufacturing, preserving and seasoning of timber (excluding teak) and forest products.
(b) Manufacturing personal goods.
(c) Manufacturing of vehicles, machineries and spares.
(d) Manufacturing of textile, garments and clothings.

(2) To import machinery, spare parts, raw materials and other necessary for those activities mentioned above and to sell wholesale or retail of the finished and semi-finished products locally and abroad.

(3) To borrow money for the benefit of the Company's business from any person, firm, company, bank or financial organization in the manners that the Company shall think fit.

PROVISO:- Provided that the Company shall not exercise any of the above objects whether in the Union of Myanmar or elsewhere, save in so far as it may be entitled so as to do in accordance with the Laws, Orders and Notifications in force from time to time and then only subject to such permission and or approval as may be prescribed by the Laws, Orders and Notifications of the Union of Myanmar for the time being in force.

We, the following persons, whose names, nationality, addresses, and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Memorandum of Association, and we respectively agree to take number of shares in the Capital of this Company set opposite our respective names.

Sr. No	Name, Address, and Description of Subscribers	Nationality & N.R.C No.	Number of Shares taken	Signature
1.	U Zaw Win No. 96, 14th Street, Lanmadaw Township, Yangon. (Merchant)	Myanmar 12/Ma Ya Ka (Naing)108572		
2.	U Hla Win (a) Gaw Sit Mar No. 106(A), Ground Floor, 23rd Street, Latha Township, Yangon. (Merchant)	Myanmar 12/La Tha Na (Naing)017656		
3.	U Pauk Sa (a) Gaw Lain Ti Yan No. 96, 14th Street, Lanmadaw Township, Yangon. (Merchant)	Myanmar 12/Ma Ya Ka (Naing)108569		

Yangon. Dated the day of 2000.

It is hereby certified that the persons mentioned above put their signatures in my presence.

THAN SOE LIN (B.Com(Q) C.P.A)
Certified Public Accountant
No. 153, First Floor (Right), 47th Street,
Botataung Township, Yangon. (Ph:292383)

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Articles Of Association

OF

WIN GARMENT MANUFACTURING CO.,LTD

❖❖❖❖❖❖❖❖❖

1. The regulations contained in Table "A " in the First Schedule to the Myanmar Companies Act shall apply to the Company save in so far as such regulations which are inconsistent with the following Articles. The Compulsory regulations stipulated in Section 17(2) of the Myanmar Companies Act shall always be deemed to apply to the Company.

PRIVATE COMPANY

2. The Company is to be a Private Company and accordingly following provisions shall have effect:

   (1) The number of members of the Company, exclusive of persons who are in the employment of the Company, shall be limited to fifty.

   (2) Any invitation to the public to subscribe for any share or debenture or debenture stock of the Company is hereby prohibited.

CAPITAL AND SHARES

3. The authorised capital of the Company is Ks 300,000,000/-(Kyats Three Hundred Million only) divided into (30000) (Thirty Thousand) shares of Ks 10,000/- (Kyats Ten Thousand only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being force in this behalf.

4. Subject to the provisions of the Myanmar Companies Act the shares shall be under the control of the Directors, who may allot or otherwise dispose of the same to such persons and on such terms and conditions as they may determine.

5. The certificate of title to share shall be issued under the Seal of the Company and signed by General Manager or some other persons nominated by the Board of Directors. If the share certificate is defaced, lost or destroyed, it may be renewed on payment of such fees, if any, and on such terms, if any, as to evidence and indemnity as the Director may think fit. The legal representative of a deceased member shall be recognised by the Directors.

6. The Directors may from time to time make calls upon the members in respect of any moneys unpaid on their shares and each member shall be liable to pay the amount of every call so made upon him to the persons, and at the times and places appointed by the directors. A call may be made payable by instalments or may be revoked or postponed as the Directors may determine.

DIRECTORS

7. Unless otherwise determined by a General Meeting the number of Directors shall not be less than (2) and not more than (9).

   The First Directors shall be:-

   (1) U Zaw Win
   (2) U Hla Win (a) Gaw Sit Mar
   (3) U Pauk Sa (a) Gaw Lain Ti Yan

8. The Directors may from time to time appoint one of their body to the office of the Managing Director for such terms and at such remuneration as they think fit and he shall have all the powers delegated to him by the Board of Directors from time to time.

9. The qualification of a Director shall be the holding of at least (-) shares in the Company in his or in her own name, and it shall be his duty to comply with the provision of Section (85) of the Myanmar Companies Act.

10. The Board of Directors may in their absolute and uncontrolled discretion refuse to register any proposed transfer of shares without assigning any reason.

PROCEEDINGS OF DIRECTORS

11. The Directors may meet together for the despatch of business, adjourn and otherwise regulate their meeting as they think fit and determine the quorum necessary for the transaction of business. Unless otherwise determined, two shall from a quorum. If any question arising at any meeting the Managing Director's decision shall be final. When any matter is put to a vote and if there shall be an equality of votes, the Chairman shall have a second or casting vote.

12. Any Director may at any time summon a meeting of Directors.

13. A resolution in writing signed by all the Directors shall be as effective for all purposes as a resolution passed out at meeting to the Directors, duly called, held and constituted.

POWERS AND DUTIES OF DIRECTORS

14. Without prejudice to the general power conferred by Regulation 71 of the Table "A" of the Myanmar Companies Act, it is hereby expressly declared that the Directors shall have the following powers, that is to say power:—

(1) To purchase or otherwise acquire for the Company any property, rights or privileges which the Company is authorized to acquire at such price, and generally on such terms and conditions as they think fit; also to sell, lease, abandon or otherwise deal with any property, rights or privileges to which the Company may be entitled, on such terms and conditions as they may think fit.

(2) To raise, borrow or secure the payment of such sum or sums in such manner and upon such terms and conditions in all respects as they think fit and in particular by the issue of debentures or debenture stocks of the Company charged upon all or any part of the property of the Company (both present and future) including its uncalled capital for the time being.

(3) At their discretion, to pay for any rights acquired or services rendered to the Company, either wholly or partially in cash or shares, bonds, debentures or other securities of the Company and any such shares may be issued either as fully paid up or with such amount credited as paid up thereon as may be agreed upon; and any such bonds, debentures or other securities may be either specifically charged upon all or any part of the property of the Company and its uncalled capital or not so charged.

(4) To secure the fulfilment of any contracts or engagement entered into by the Company by mortgage or charge upon all or any of the property of the Company and its uncalled capital for the time being or by granting calls on shares or in such manner as they may think fit.

(5) To appoint at their discretion, remove or suspend such Managers, Secretaries, Officers, Clerks, Agents and Servants for permanent, temporary or special services as they may from time to time think fit and to determine their duties and powers and fix their salaries or emoluments and to require security in such instances in such amount as they think fit and to depute any officers of the Company to do all or any of these things on their behalf.

(6) To appoint a Director as Managing Director, General Manager, Secretary or Department Manager in conjunction with his Directorship of the Company.

(7) To accept from any member on such terms and conditions as shall be agreed on the surrender of his shares or any part thereof.

(8) To appoint any perosn or persons to accept and hold in trust for the Company any property belonging to the Company or in which it is interested or for any other purposes and to execute and do all such deeds and things as may be requisite in relation to any such trust.

(9) To institute, conduct, defend or abandon any legal proceedings by or against the Company or its officers or otherwise concerning the affairs of the Company and also to compound and allow time for payment or satisfaction of any debts due to or of any claims and demands by or against the Company.

(10) To refer claims and demands by or against the Company to arbitration and to observe and perform the awards.

(11) To make and give receipts, releases and other discharges for money payable to the Company and for the claims and demands of the Company.

(12) To act on behalf of the Company in all matters relating to bankruptcy and insolvency.

(13) To determine who shall be entitled to sign bills of exchange, cheques, promissory notes, receipts, endorsements, releases, contracts and documents for or on behalf of the Company.

(14) To invest, place on deposit and otherwise deal with any of the moneys of the Company not immediately required for the purpose thereof, upon securities or without securities and in such manners as the Directors may think fit, and from time to time vary or realize such investments.

(15) To execute in the name and on behalf of the Company in favour of any Director or other person who may incur or be about to incur any personal liability for the benefit of the Company, such mortgages of the Company's property (present and future) as they think fit and any such mortgage may contain a power of sale and such other powers, covenants and provisions as shall be agreed on.

(16) To give any officer or other person employed by the Company a commission on the profits of any particular business or transaction or a share in the general profit of the Company and such commission or share of profit shall be treated as part of the working expenses of the Company.

(17) From time to time, to make, vary and repeal bye-laws, for the regulation of the business of the Company, the officers and servants or the members of the Company or any section thereof.

(18) To enter into all such negotiations and contracts and rescind and vary all such contracts and execute and do all such acts, deeds and things in the name and on behalf of the Company as they may consider expedient for or in relation to any of the matter aforesaid or otherwise for the purposes of the Company.

(19) To borrow money for the benefit of the Company's business from any person, firm or company or bank or finacial organisation of local and abroad in the manner that the Directors shall think fit.

GENERAL MEETINGS

15. A general meeting shall be held within eighteen months from the date of its incorporation and thereafter at least once in every calendar year at such time (not being more than fifteen months after the holding of the last preceding general meeting) and places as may be fixed by the Board of Directors. No business shall be transacted at any general meeting unless a quorum of members is presented at the time when the meeting proceeds to business, save as herein otherwise provided Member holding not less than 50 percent of the issued shares capital (not less than two members) personally present, shall form a quorum for all purposes. And if and when in the case of there are only two number of members in the Company, those two members shall form a quorum.

DIVIDENDS

16. The Company in general meeting may declare a dividend to be paid to the members, but no dividend shall exceed the amount recommended by the Directors. No dividends shall be paid otherwise than out of the profits of the year or any other undistributed profits.

OFFICE STAFF

17. The Company shall maintain an office establishment and appoint a qualified person as General Manager and other qualified persons as office staffs. The remunerations and allowances such as salaries, travelling allowances and other expenditures incidental to the business shall be determined by the Board of Directors, and approved by the general meeting. The General Manager shall be responsible for the efficient operation of the office in every respect and shall be held accountable at all times to the Managing Director.

ACCOUNTS

18. The Directors shall cause to be kept proper books of account with respect to:-

(1) all sums of money received and expended by the Company and the matters in respect of which the receipts and expenditures take place;

(2) all sales and purchases of goods by the Company;

(3) all assets and liabilities of the Company.

19. The books of account shall be kept at the registered office of the Company or at such other place as the Directors shall think fit and shall be opened to inspection by the Directors during office hours.

AUDIT

20. Auditors shall be appointed and their duties regulated in accordance with the provisions of the Myanmar Companies Act or any statutory modifications thereof for the time being in force.

NOTICE

21. A notice may be given by the Company to any member either personally or sending it by post in a prepaid letter addressed to his registered address.

THE SEAL

22. The Directors shall provide for the safe custody of the Seal, and the Seal shall never be used except by the authority of the Directors previously given, and in the presence of one Director at least, who shall sign every instrument to which the Seal is affixed.

INDEMNITY

23. Subject to the provisions of Section 86 (C) of the Myanmar Companies Act and the existing laws, every Director, Auditor, Secretary or other officers of the Company shall be entitled to be indemnified by the Company against all costs, charges, losses, expenses and liabilities incurred by him in the execution and discharge of the duties or in relation thereto.

WINDING-UP

24. Subject to the provisions contained in the Myanmar Companies Act and the statutory modification thereupon, the Company may be wound up voluntarily by the resolution of General Meeting.

❖ ❖ ❖ ❖

We, the following persons, whose names, nationality, addresses, and descriptions are subscribed below, are desirous of being formed into a Company in pursuance of these Articles of Association and we respectively agree to take number of shares in the Capital of this Company set opposite our respective names.

Sr. No	Name, Address, and Description of Subscribers	Nationality & N.R.C No.	Number of Shares taken	Signature
1.	U Zaw Win No. 96, 14th Street, Lanmadaw Township, Yangon. (Merchant)	Myanmar 12/Ma Ya Ka (Naing)108572		
2.	U Hla Win (a) Gaw Sit Mar No. 106(A), Ground Floor, 23rd Street, Latha Township, Yangon. (Merchant)	Myanmar 12/La Tha Na (Naing)017656		
3.	U Pauk Sa (a) Gaw Lain Ti Yan No. 96, 14th Street, Lanmadaw Township, Yangon. (Merchant)	Myanmar 12/Ma Ya Ka (Naing)108569		

Yangon. Dated the day of 2000.

It is hereby certified that the persons mentioned above put their signatures in my presence.

THAN SOE LIN (B.Com(Q) C.P.A)
Certified Public Accountant
No. 153, First Floor (Right), 47th Street,
Botataung Township, Yangon.(Ph:292383)

C 2283 / 30/6   3734 / 30/6

အကြောင်းအရာ။ ။ <u>ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Win Garment Manufacturing Co., Ltd.) တည်ထောင်၍ကုန်ကြမ်းဝယ်ယူ၍လုပ်ကိုင်သောစနစ်နှင့် CMP စနစ်အရလုပ်ကိုင်သောအထည်ချုပ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။</u>

၁။ မြန်မာကုမ္ပဏီဖြစ်သော ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Win Garment Manufacturing Co., Ltd.) – တည်ထောင်၍ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးလှဝင်း (ခ) ဂေါ်ဆစ်မား အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မကွရ[illegible]မင်းသားကြီး မောင်ချို[illegible] လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂) မြေကွက်အမှတ် (၁၀၂) ရှိမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်မြေ (၁.၅၁၇) ဧက (၆၁၃၉.၀၉ စတုရန်းမီတာ) ကိုငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး ကုန်ကြမ်းဝယ်ယူ၍လုပ်ကိုင်သောစနစ်နှင့် CMP စနစ်အရလုပ်ကိုင်သောအထည်ချုပ်လုပ်ငန်းကိုမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား (၇-၄-၂၀၀၀) နေ့တွင်ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

၂။ ကော်မရှင်မှမူအားဖြင့်သဘောတူညီခဲ့ပြီး (၂၆-၅-၂၀၀၀) နေ့တွင်ကျင်းပသောကုန်သွယ်မှုမူဝါဒကောင်စီ၏ (၇/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးသို့ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှသဘောတူညီချက်အရအစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ (၂၂-၆-၂၀၀၀) နေ့တွင်ကျင်းပပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၂၃/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှသဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။

- ၂ -

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၅) ပုဒ်မ ၁၀ နှင့် ယင်းဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အခန်း (၄) အပိုဒ် (၁၂) တို့နှင့်အညီ ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Win Garment Manufacturing Co.,Ltd) သို့ထုတ်ပေးမည့် ခွင့်ပြုမိန့်နှင့် အမိန့်ကြော်ငြာစာတွင် လက်မှတ်ရေးထိုးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

၂၉ - ၆ - ၂၀၀၀

ဥက္ကဋ္ဌ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/ မ-၁၁၃၃ / ၂၀၀၀ (၂၅၀-ထ)။
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၂၂ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ဝင်း အထည်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ လုပ်ကိုင်သော စနစ် နှင့် CMP စနစ် အရ လုပ်ကိုင်သော အထည် ချုပ် လုပ်ငန်း ဆောင်ရွက် ရန် အဆိုပြု တင်ပြခြင်း ကိစ္စ

၁။ မြန်မာကုမ္ပဏီဖြစ်သော ဝင်း အထည်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Win Garment Manufacturing Co., Ltd.) တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ လုပ်ကိုင်သော စနစ် နှင့် CMP စနစ် အရ လုပ်ကိုင်သော အထည် ချုပ် လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၇-၄-၂၀၀၀)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၂/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်းငွေပေးချေခြင်း စနစ် သဘောတူစာချုပ် (မူကြမ်း) နှင့် မြေငှား သဘောတူစာချုပ် (မူကြမ်း) တို့ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၂.၀၀)သန်း အပါအဝင် စုစုပေါင်း ကျပ် (၅၂.၀၀)သန်း ဖြစ်ပါသည်။ ယင်းတွင်ငွေသား ကျပ် (၂၀.၀၀)သန်း၊ အဆောက်အဦတန်ဖိုး ကျပ် (၂၀.၀၀)သန်း၊ စက်ပစ္စည်းကိရိယာ တန်ဖိုး ကျပ် (၃.၀၀)သန်း {အမေရိကန်ဒေါ်လာ (၁.၅၀)သန်း}နှင့် ကုန်ကြမ်းပစ္စည်း တန်ဖိုး ကျပ် (၉.၀၀)သန်း {အမေရိကန်ဒေါ်လာ (၁.၅၀)သန်း} ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်း များကို မကာအိုရှိ Snake Garment Co., Ltd. မှရွှေ့ဆိုင်း ငွေပေးချေခြင်း စနစ်အရ ဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း (၅)ရာခိုင်နှုန်းဖြင့် (၄)နှစ် အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးလှဝင်း (ခ) ဂေါ်ဆစ်မား အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြေကွက်အမှတ် (၁၈၂)၊ မြေတိုင်းရပ်ကွက် အမှတ် (၂)၊ မဂ္ဂရာ မင်းသားကြီး မောင်ပို့လမ်း၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းရှိမြေ (၁.၅၁၇) ဧက (၆၁၃၉.၀၉ စတုရန်းမီတာ) ကိုငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှ CMP စနစ် အရ ထုတ်လုပ်မည့် ချုပ်ထည်များကို ပြည်ပသို့ (၉၅) ရာခိုင်နှုန်း၊ ပြည်တွင်းတွင် (၅) ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပြီး၊ ကိုယ်ပိုင်ချုပ်လုပ်သည့် အထည်များကို ပြည်ပသို့ (၈၀) ရာခိုင်နှုန်း၊ ပြည်တွင်းတွင် (၂၀) ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	CMP စနစ် အရ			ကိုယ်ပိုင်ထုတ်လုပ်မှု		
		ထုတ်လုပ်မှု (ထည် ၀၀၀)	ချုပ်ခနှုန်း (US $/ Pcs)	ပြည်တွင်း ရောင်း ဈေးနှုန်း (ကျပ်/ထည်)	ထုတ်လုပ်မှု (ထည် ၀၀၀)	ပြည်ပ ရောင်း ဈေးနှုန်း (US $/ Pcs)	ပြည်တွင်း ရောင်း ဈေးနှုန်း (ကျပ်/ထည်)
၁	Shirt,T-shirt, Polo-necked shirt	၂၀၀၀	၀.၄၂	၁၁၂၀	၈၀၀	၅.၂	၁၁၉၀
၂	Coat, Jacket	၄၀၀	၁.၂၀	၂၆၀၀	၂၀၀	၁၁.၂	၂၈၀၀
၃	Trousers, Short Pants	၂၀၀	၀.၅၂	၁၂၆၀	၁၀၀	၅.၆	၁၄၀၀

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၅၀၇.၀၀	၄၁.၅၃	၅၄၈.၅၃
(ခ)	အသုံးစရိတ်	၄၉၈.၀၄	၃၆.၆၅	၅၃၄.၆၉
(ဂ)	အသားတင်အမြတ်	၈.၉၆	၄.၈၈	၁၃.၈၄

၆။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၃)နှစ်နှင့် (၄)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ (၂၇)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က)	ဝင်ငွေခွန်	ကျပ်	၃.၈၄ သန်း
		အမေရိကန်ဒေါ်လာ	၀.၁၄ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၅၀.၇၀ သန်း

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၃၈၁)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၄)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အမှတ် (၁) စက်မှု ဝန်ကြီး ဌာန သို့ သဘောထားမှတ်ချက် တောင်းခံရာ ကန့်ကွက်ရန် မရှိကြောင်း၊ ကိုတာ ကန့်သတ်ထားသော ချုပ်ထည်များကို ပြည်ပသို့

တင်ပို့ရောင်းချမည် ဆိုပါက ကိုတာခွဲဝေပေးရန် အာမခံချက် မပေးနိုင်ပါကြောင်းနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေ အရ မှတ်ပုံတင် ဆောင်ရွက်နေခြင်း မရှိသေးပါကြောင်း အကြောင်းပြန်ကြား လာပါသည်။

၁၀။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် လိုအပ်သော အစီအမံများ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင် ခြင်း မရှိဘဲ၊ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ပြန်လည်ပေးဆပ်ရာတွင်လည်း လုပ်ငန်းမှ ရရှိသော တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပြန်လည် ပေးဆပ်မည်ဖြစ်ကြောင်း၊ ပြည်ပတင်ပို့ရန် ဈေးကွက်ရှိပြီး ဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းသည်လုပ်ငန်းအသစ် ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၂။ ဆုံးဖြတ်ရန်အချက်။

(က) ဝင်း အထည်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ လုပ်ကိုင်သော စနစ် နှင့် CMP စနစ် အရ လုပ်ကိုင်သော အထည်ချုပ် လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ-မတူ။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန၊

ကုန်သွယ်မှု မူဝါဒ ကောင်စီ။

12/2000 MIC 7-4-2000

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ
(မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ)

၁	ကုမ္ပဏီအမည်	ဝင်း အထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (Win Garment Manufacturing Co., Ltd)
၂	လုပ်ငန်း အဆိုပြုသူအမည်	ဦး ဇော်ဝင်း
၃	အဆိုပြုလုပ်ငန်း အမျိုးအစား	ကုန်ကြမ်း ဝယ်ယူ၍ လုပ်ကိုင်သော စနစ်နှင့် အခစား စနစ်အရ အထည်ချုပ်လုပ်ခြင်း လုပ်ငန်း
၄	တည်နေရာ	မြေကွက်အမှတ် (၁၀၂)၊ မြေတိုင်း ရပ်ကွက်အမှတ်(၂) မှော်ဘီမင်းသားကြီး မောင် လမ်း၊ လှိုင်သာယာ စက်မှုဇုန်၊ ရန်ကုန်။
၅	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု	ကျပ် ၅၂.၀၀သန်း (US$ ၂.၀၀သန်းအပါအဝင်)
	- ငွေပမာဏ	ကျပ် ၂၀.၀၀သန်း
	- အဆောက်အဦ	ကျပ် ၂၀.၀၀သန်း
	- စက်ပစ္စည်း	ကျပ် ၃.၀၀သန်း (US$ ၀.၅၀သန်း)
	- ကုန်ကြမ်း ပစ္စည်း	ကျပ် ၉.၀၀သန်း (US$ ၁.၅၀သန်း)
၆	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	၁.၅၁၇ဧက (၆၁၃၉.၀၉စတုရန်းမီတာ)
	- မြေပိုင်ဆိုင်မှု	မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ ဒါရိုက်တာတစ်ဦး ဖြစ်သူဦးလှဝင်း (ခ) ဂေါ်ဆစ် မား အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော မြေကို ငှါးရမ်းအသုံးပြုမည်ဖြစ်ပါသည်။
	- မြေအမျိုးအစား	- စက်မှုမြေ
၇	ထုတ်လုပ်မှု (ပုံမှန်နှစ်)	

	CMP စနစ် တည်(၀၀၀)	ကိုယ်ပိုင်ချုပ်လုပ်မှု တည်(၀၀၀)
- Shirt, T.Shirt, Polo-neck Shirt	၂၀၀၀	၈၀၀
- Coat, Jacket	၄၀၀	၂၀၀
- Trousers, Short Pants	၂၀၀	၁၀၀

၈	ရောင်း ချမည့်နည်း စနစ်	CMP အခစား စနစ်		ကိုယ်ပိုင်ချုပ်လုပ်မှု	
	-ပြည်တွင်း	၅%		၂၀%	
	-ပြည်ပ	၉၅%		၈၀%	
၉	ရောင်း ဈေး နှုန်း (ပုံမှန်နှစ်)	CMP အခစားစနစ်		ကိုယ်ပိုင်ချုပ်လုပ်မှု	
		CMP ချုပ်ခ (US$ / ထည်)	ပြည်တွင်းရောင်း (ကျပ် / ထည်)	ပြည်တွင်း (ကျပ် /ထည်)	ပြည်ပ (US$/ထည်)
	- Shirt, T.Shirt, Polo-neck Shirt	၀.၄၂	၁၁၂၀	၁၁၉၀	၅.၂
	- Coat, Jacket	၁.၂၀	၂၆၀၀	၂၀၀၀	၁၁.၂
	- Trousers, Short Pants	၀.၅၂	၁၂၆၀	၁၄၀၀	၅.၆
၁၀	ဝင်ငွေ (ပုံမှန်နှစ်)				
	- နိုင်ငံခြား ငွေဖြင့်	US$ ၆.၉၂သန်း			
	- ကျပ် ငွေဖြင့်	ကျပ်၅၀၇.၀၀သန်း			
၁၁	အသား တင်အမြတ် (ပုံမှန်နှစ်)				
	- နိုင်ငံခြား ငွေဖြင့်	US$ ၀.၈၁သန်း			
	- ကျပ် ငွေဖြင့်	ကျပ် ၈.၉၆သန်း			
၁၂	အရင်း ကြေကာလ	(၃) နှစ်နှင့် (၄) လ			
၁၃	အရင်း အနှီး အပေါ်အကျိုး အမြတ် ပြန်ပေါ် နှုန်း (IRR)	(၂၇) ရာခိုင်နှုန်း			
	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့်အကျိုး အမြတ်				
	- ဝင်ငွေခွန်	US$ ၀.၁၄သန်း			
		ကျပ် ၃.၈၄သန်း			
	- ကုန်သွယ်လုပ်ငန်း ခွန် (ပြည်တွင်း ရောင်း ရငွေ အပေါ် ၁၀%)	ကျပ် ၅၀.၇၀သန်း			
	- တည်ဆောက်မှုကာလ	(၁၂) လ			

၁၅	ဝန်ထမ်း အင်အား	<u>၃၈၅ ဦး</u>
	-ပြည်တွင်း	၃၈၁ ဦး
	-ပြည်ပ	၄ ဦး
၁၆	အခြား	- စက်ပစ္စည်း ကိရိယာနှင့်ကုန်ကြမ်း ပစ္စည်းများကို မကာအိုရှိ Snake Garments Co., Ltd. မှ ရွှေဆိုင်း ငွေပေး ချေခြင်း စနစ်အရဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင်အတိုး နှုန်း (၅) ရာခိုင်နှုန်းဖြင့် (၄) နှစ်အတွင်း ပြန်လည်ပေး ဆပ်ရမည်ဖြစ်ပါသည်။ - စက်ပစ္စည်း နှင့်ကုန်ကြမ်း စာရင်း ကိုပူး တွဲတင်ပြထား ပါသည်။ - ယင်း လုပ်ငန်း သည်မြန်မာနိုင်ငံသား များသာလျှင်ပိုင်ဆိုင်သောလုပ်ငန်း ဖြစ်ပြီး နိုင်ငံခြား မှမည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်း ၊ မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်း မည့်စည်းကမ်းသတ်မှတ်ချက်များ ကိုလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ၊ ပတ်ဝန်းကျင်ညစ်ညမ်း မှုနှင့်မီး ဘေးအန္တရာယ်များ မဖြစ်ပွား စေရန်လိုအပ်သောအစီအမံများ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထား မည်ဖြစ်ကြောင်း ၊ နိုင်ငံခြား မှချေး ငွေရယူခြင်း သည်နိုင်ငံတော်နှင့်သက်ဆိုင်ခြင်း မရှိဘဲချေး ငွေပေးသူနှင့်ယူသူတို့၏တာဝန်သာဖြစ် ကြောင်း ၊ လုပ်ငန်းအသစ်ဖြစ် ကြောင်း ၊ ပြည်ပသို့တင်ပို့ရောင်း ချရန်ဈေး ကွက်ရှိပြီး ဖြစ်ကြောင်း ဝန်ခံကတိပြုထား ပါသည်။ - မြို့ရွာနှင့်အိုး အိမ်ဖွံ့ဖြိုး ရေး ဦး စီး ဌာန မှအဆိုပြုမြေနေရာတွင်ခြံစည်း ရိုး ကာရံထား ပြီး အဆောက်အဦ ဆောက်လုပ်ဆဲဖြစ် ကြောင်း ၊ လုပ်ငန်းဆောင် ရွက်

နေခြင်း မရှိသေး ပါကြောင်း နှင့်လုပ်ငန်းဆောင်ရွက်ရန်သင့်လျော်သည်ဟုယူဆပါကြောင်း သဘောထား ပြန်ကြား လာပါသည်။

- အမှတ်(၁) စက်မှုဝန်ကြီး ဌာနမှကန့်ကွက်ရန်မရှိကြောင်း၊ ကိုတာကကန့်သတ်ထား သောချုပ်ထည်များကိုထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်း ချမည်ဆိုပါက ကိုတာခွဲဝေပေး ရန်အာမခံချက်မပေး နိုင်ပါကြောင်း နှင့်ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့် အညီမှတ်ပုံတင် ဆောင်ရွက် နေခြင်း မရှိသေး ပါကြောင်း ပြန်ကြား လာပါသည်။

- ငွေကြေး ဆိုင်ရာအ ထောက်အထား များ အဖြစ် ကမကထပြုသူဦး ဇော်ဝင်း ၏အာရှဓနဘဏ်လီမိတက်ရှိ(၁၈-၁၁-၉၉) နေ့ ငွေလက်ကျန်ကျပ်(၂၀.၁၀) သန်း ဖြစ် ကြောင်း တင်ပြထား ပါသည်။

- ပူး တွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရအခွန်ဆိုင်ရာ ကင်း လွတ်ခွင့် နှင့်သက်သာခွင့်များ ကိုခံစား ခွင့် ပြုရန် မျှော်ကိုးထား လာပါသည်။

လျှို့ဝှက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/ မ-၁၁၃၃ / ၂၀၀၀ (၁၁၀ ၇)။
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ဝင်း အထည်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ လုပ်ကိုင်သော စနစ် နှင့် CMP စနစ် အရ လုပ်ကိုင်သော အထည် ချုပ် လုပ်ငန်း ဆောင်ရွက် ရန် အဆိုပြု တင်ပြခြင်း ကိစ္စ

၁။ မြန်မာကုမ္ပဏီဖြစ်သော ဝင်း အထည်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Win Garment Manufacturing Co., Ltd.) တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ လုပ်ကိုင်သော စနစ် နှင့် CMP စနစ် အရ လုပ်ကိုင်သော အထည် ချုပ် လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်း အဆိုပြုချက်ကို (၇-၄-၂၀၀၀)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၂/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်း ဆုံးဖြတ်ချက်အရ (၂၆-၅-၂၀၀၀)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၇/၂၀၀၀)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေဆိုင်းငွေပေးချေခြင်း စနစ် သဘောတူစာချုပ် (မူကြမ်း) နှင့် မြေငှား သဘောတူစာချုပ် (မူကြမ်း) ကိုကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၂.၀၀)သန်း အပါအဝင် စုစုပေါင်း ကျပ် (၅၂.၀၀)သန်း ဖြစ်ပါသည်။ စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်း များကို မကာအိုရှိ Snake Garments Co., Ltd. မှရွှေဆိုင်း ငွေပေး ချေခြင်း စနစ်အရ ဝယ်ယူမည်ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း (၅)ရာခိုင်နှုန်းဖြင့် (၄)နှစ် အတွင်း ပြန်လည် ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ ဒါရိုက်တာ တစ်ဦးဖြစ်သူ ဦးလှဝင်း (ခ) ဂေါ်ဆစ်မား အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြေကွက်အမှတ် (၁၈၂)၊ မြေတိုင်းရပ်ကွက် အမှတ် (၂)၊ မှတ္တရာ မင်းသားကြီး မောင်ပို့လမ်း၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းရှိမြေ (၁.၅၁၇) ဧက (၆၁၃၈.၀၉ စတုရန်းမီတာ) ကိုငှားရမ်း၍ စက်ရုံတည်ဆောက်ပြီး လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

လျှို့ဝှက်

၄။ ယင်းလုပ်ငန်းမှ CMP စနစ် အရ ထုတ်လုပ်မည့် ချုပ်ထည်များကို ပြည်ပသို့ (၉၅) ရာခိုင်နှုန်း၊ ပြည်တွင်းတွင် (၅) ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပြီး၊ ကိုယ်ပိုင်ချုပ်လုပ်သည့် အထည်များကို ပြည်ပသို့ (၈၀) ရာခိုင်နှုန်း၊ ပြည်တွင်းတွင် (၂၀) ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	CMP စနစ် အရ ထုတ်လုပ်မှု (ထည် ၀၀၀)	ကိုယ်ပိုင်ထုတ်လုပ်မှု ထုတ်လုပ်မှု (ထည် ၀၀၀)
၁	Shirt, T-shirt, Polo-necked shirt	၂၀၀၀	၈၀၀
၂	Coat, Jacket	၄၀၀	၂၀၀
၃	Trousers, Short Pants	၂၀၀	၁၀၀

၅။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၃)နှစ်နှင့် (၄)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ (၂၇)ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဝင်ငွေခွန် ကျပ် ၃.၈၄ သန်း
အမေရိကန်ဒေါ်လာ ၀.၁၄ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၅၀.၇၀ သန်း

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၃၈၁)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၄)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အမှတ် (၁) စက်မှု ဝန်ကြီး ဌာန သို့ သဘောထားမှတ်ချက် တောင်းခံရာ ကန့်ကွက်ရန် မရှိကြောင်း အကြောင်းပြန်ကြား လာပါသည်။

၉။ ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ချေးငွေရယူမှု တို့အတွက် ဝန်ခံကတိများ ပြုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။

ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၁။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) ဝင်း အထည်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ လုပ်ကိုင်သော စနစ် နှင့် CMP စနစ် အရ လုပ်ကိုင်သော အထည်ချုပ် လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ-မတူ။

၁၂။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>
အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)
ဥက္ကဋ္ဌ
ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။</u>

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ ၄၁/ခွဲ-၃/၂၀၀၀ (စီ ၁၂၀၀)
ရက်စွဲ၊ ၂၀၀၀ပြည့်နှစ် မတ်လ ၃၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၂၀၀၀ပြည့်နှစ်မတ်လ(၉)ရက်နေ့စွဲပါစာအမှတ်၊ စီမံ/နဆစ/ပစလ-၁(၁)/၂၀၀၀ (၂၀၄)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လှိုင်သာယာစက်မှုဇုန်(၂) မြေကွက်အမှတ်၊(၁၈၂) ဧရိယာ(၁.၅၁၇)ဧကပေါ်တွင် စက်ရုံတည်ဆောက်ပြီးကုန်ကြမ်းဝယ်ယူ၍ ချုပ်လုပ်ခြင်းနှင့် CMP အခစားစနစ်အရ အထည်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ အဆိုပြုခြင်းနှင့်ပတ်သက်၍ အဆိုပြုမြေနေရာတွင် ဆောင်ရွက်ရန် သင့်လျော်သည်ဟု ယူဆပါကြောင်းနှင့် ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှခြံစည်းရိုးကာရံ၍ အဆောက်အဦဆောက်လုပ်ဆဲဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေခြင်းမရှိသေးပါကြောင်း ပြန်ကြားအပ်ပါသည် ။

ဝန်ကြီး(ကိုယ်စား)
(တင့်ဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။

-/အိ**

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ပြန်ကြားရေးနှင့်လုပ်ငန်းညှိနှိုင်းရေးဌာန

<u>ဂင်စာတင်ပြလွှာ</u>

အကြောင်းအရာ။ ။ ဝေ၊ အတည်ပြု ရယူလုပ်မှု ကုမ္ပဏီလီမိတက်

CMP အတည်ပြုချုပ်လုပ်ငန်း

ရက်စွဲ	ဆောင်ရွက်ရန်	မှတ်ချက်
17/2/2000	- ဝေ [illegible] ပြောကြားလက်ခံရရှိပါသည်။	
25/2/2000	- [illegible] (၁) သို့ [illegible] လုပ်ရေးသို့ [illegible] ပေးပို့ပါသည်။	
6/3/2000	- ကုမ္ပဏီသို့ [illegible] ပြုလုပ်ထားရှိပါသည်။	
9/3/2000	" [illegible] ပေးသည်။	
၉/၃/၂၀၀၀	၉.၃.၂၀၀၀ ရက်စွဲဖြင့် [illegible] ပြန်လာသည်	
28/3/2000	13.3.2000 " [illegible] (၁) မှ "	
8/4/2000	ဖြည့်စွက်ပြီး Complete Set (၁)စုံ [illegible] ပြန်လာသည်။	
"	[illegible] လုပ်ရေးမှ [illegible] ပြန်လာသည်။	
7/4/2000	12/2000 MIC [illegible]	
၂/၅/2001	[illegible] Cabinet [illegible] Case file [illegible]	၂၅ ၅/2001

ANNUAL RAW MATERIAL REQUIREMENT

Exhibit No. IV

Sr. No.		Particulars	A/U	Year 1	Year 2	Year 3	Year 4	Year 5-10
1		2	3	4	5	6	7	8
1		**RAW MATERIALS**						
	1	Wheat Flour	MT	3000	3000	3000	3000	3000
	2	Soft Wheat Flour	"	500	500	500	500	500
	3	Butter Fat	"	300	300	300	300	300
	4	Baking Powder	"	75	75	75	75	75
	5	Sugar	"	364	364	364	364	364
	6	Coloring Powder	"	10	10	10	10	10
	7	Milk Powder	"	150	150	150	150	150
	8	Edible Oil	"	60	60	60	60	60
	9	Chocolate Converture	"	150	150	150	150	150
	10	Egg	No (000)	253	253	253	253	253
	11	Packaging Foil	Roll	6250	6250	6250	6250	6250
2		**FE PURCHASE (Qty)**						
	1	Soft Wheat Flour	MT	500	500	500	500	500
	2	Butter Fat	"	145	145	145	145	145
	3	Baking Powder	"	75	75	75	75	75
	4	Coloring Powder	"	10	10	10	10	10
	5	Milk Powder	"	150	150	150	150	150
	6	Packaging Foil	Roll	6250	6250	6250	6250	6250
	7	Chocolate Converture	MT	150	150	150	150	150
		LOCAL PURCHASE (Qty)						
	1	Wheat Flour	MT	3000	3000	3000	3000	3000
	2	Butter Fat	"	155	155	155	155	155
	3	Edible Oil	"	60	60	60	60	60
	4	Sugar	"	364	364	364	364	364
	5	Egg	Nos.	252560	252560	252560	252560	252560
3		**FE PURCHASE (Price)**						
	1	Soft Wheat Flour	US$/MT	350	417	467	550	608
	2	Butter Fat	"	1950	2175	2365	2628	2850
	3	Baking Powder	"	1000	1120	1220	1350	1450
	4	Coloring Powder	"	2000	2200	2400	2650	2870
	5	Milk Powder	"	2150	2593	2920	3473	3870
	6	Packaging Foil	US$/ROLL	80	89.16	96.12	107.25	115.7
	7	Chocolate Converture	US$/MT	8750	9420	10090	10750	11420

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အမှတ်၊ ၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

စာအမှတ်၊ ဇိမံ/နဆစ/ပစလ-၁(၁)/၂၀၀၀(၂၀၄)
ရက်စွဲ။ ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၉ ရက်

အကြောင်းအရာ။ **သဘောထား မှတ်ချက် တောင်းခံခြင်း ကိစ္စ**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၅-၂-၂၀၀၀ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၅၆၉/၉၉ (၁၁၆၉၀-ဆ)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် သဘောထား မှတ်ချက် တောင်းခံခြင်း နှင့်စပ်လျဉ်း၍၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂) မြေကွက်အမှတ်(၁၀၂) ဧရိယာ(၁.၅၁၇) ဧကပေါ် တွင် ခြံစည်းရိုးကာရန်ပြီး အဆောက်အဦး ဆောက်လုပ်ဆဲဖြစ်ပါသည်။

၂။ ဝင်းအကျဉ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ လုပ်ငန်း ဆောင်ရွက်နေခြင်း မရှိသေးပါကြောင်း နှင့်အဆိုပါမြေ နေရာတွင်လုပ်ငန်း ဆောင်ရွက်ရန်သင့်လျော် သည်ဟုယူဆပါကြောင်း ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ဆက်လက်တင်ပြနိုင်ပါရန်ပြန်လည်တင်ပြအပ်ပါသည်။

9/3/2000.

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

အမှာစာအမှတ် ၂၉(၁)/ ၁၈(၁)(၁၁၇၆)/၂၀၀၀(၁၃၈၄)

ရက်စွဲ ၂၀၀၀ ပြည့်နှစ် မတ် လ ၂၈ ရက်။

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲပါစာအမှတ်၊ ရက-၁/မ-၄၆၉/၉၉(၁၁၇၅၁)

ရွှေမဟာစက်မှုကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ်(၄၆-က)တွင် စက်ရုံတည်ဆောက်ပြီး အလှကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်းနှင့်ပတ်သက်၍ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အရည်အသွေးထိန်းသိမ်းမှုနည်းစဉ်နှင့် အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာ စက်ကရိယာများ စာရင်းအား စစ်ဆေးချက်အရ ဤဝန်ကြီးဌာနအနေဖြင့် ယေဘူယျအားဖြင့် လက်ခံနိုင်သည့်အနေအထားရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဝန်ကြီး ( )
(မြင့်ဆွေ၊ ရုံးအဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူကို -

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

တင်*

၁၃။ ဒါရိုက်တာ အားလုံးက လက်မှတ်ရေးထိုးထားသော ရေးသားထားသည့် ဆုံးဖြတ်ချက်တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက်ကဲ့သို့ပင် ကိစ္စအားလုံး အတွက် အကျိုးသက်ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲ ဇယားပုံစံ (က)ပါ စည်းမျဉ်းအပိုဒ် ၇၁ တွင် ပေးအပ်ထားသော အထွေထွေ အာဏာများကို မထိခိုက်စေဘဲဒါရိုက်တာများသည် အောက်ဖော်ပြပါ အာဏာများရှိရမည်ဟု အတိအလင်း ထုတ်ဖော်ကြေညာသည်။ အာဏာဆိုသည်မှာ–

(၁) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော တန်ဖိုးနှင့်စည်းကမ်းများ၊ အခြေအနေများ သတ်မှတ်၍ ကုမ္ပဏီက ရယူရန် အာဏာရှိသည့် မည်သည့်ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို ဝယ်ယူရန် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ရယူပိုင်ဆိုင်ရန်အပြင် ကုမ္ပဏီက ပိုင်ဆိုင်ခွင့်ရှိသော မည်သည့် ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို သင့်တော်သော စည်းကမ်းချက်များ သတ်မှတ်၍ ရောင်းချခြင်း၊ အငှားချခြင်း၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် အခြား နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်။

(၂) သင့်လျော်သော စည်းကမ်း သတ်မှက်ချက်များဖြင့် ငွေကြေးများကို ချေးငှားရန် သို့မဟုတ် အဆိုပါချေးငှားသော ငွေကြေးများကို ပြန်လည် ပေးဆပ်ရန်အတွက် အာမခံများ ထားရှိရန်အပြင်၊ အထူးသဖြင့် ဤကုမ္ပဏီ၏ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့(ခ်)များ၊ ခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ယခုလက်ရှိနှင့် နောင်ရှိမည့် ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ ထုတ်ဝေရန်။

(၃) ဤကုမ္ပဏီက ရယူထားသော အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငွေကြေးအားဖြင့် ပေးချေရန်၊ သို့မဟုတ် အစုရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ၊ သို့မဟုတ် ဤကုမ္ပဏီ၏ အခြားသော အာမခံစာချုပ်များကို ထုတ်ပေးရန်၊ ထို့အပြင် အဆိုပါ အစုရှယ်ယာများ ထုတ်ပေးရာ၌ ငွေအပြည့် ပေးသွင်းပြီးသော အစုရှယ်ယာအနေဖြင့် သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော အစုရှယ်ယာများ အနေဖြင့် သော်လည်းကောင်း သဘောတူညီသကဲ့သို့ ထုတ်ဝေပေးရန်နှင့် အဆိုပါ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီ၏ အခြားသော အာမခံစာချုပ်များဖြင့် ထုတ်ဝေပေးရာ၌ ခေါ်ဆိုခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ဖြစ်စေ၊ ထိုကဲ့သို့မဟုတ်ဘဲဖြစ်စေ ထုတ်ပေးရန်။

(၄) ဤကုမ္ပဏီနှင့် ပြုလုပ်ထားသော ကန်ထရိုက်စာချုပ်များ၊ တာဝန်ယူထားသည့် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်စေခြင်း အလို့ငှာ ခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းရပ်များ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေါင်နှံ၍ သော်လည်းကောင်း၊ အပေါင်ပြု၍ သော်လည်းကောင်း သို့မဟုတ် အစုရှယ်ယာများအတွက် ငွေများ တောင်းခံခေါ်ယူ၍ သော်လည်းကောင်း ခွင့်ပြုရန် သို့မဟုတ် သင့်လျော်သည့်အတိုင်း ဆောင်ရွက်ရန်။

(၅) မန်နေဂျာများ၊ အတွင်းရေးမှူးများ၊ အရာရှိများ၊ စာရေးများ၊ ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများကို အမြဲတမ်း၊ ယာယီ သို့မဟုတ် အထူးကိစ္စရပ်များအတွက် ခန့်ထားခြင်း၊ ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်းများအတွက် လည်းကောင်း၊ အဆိုပါ ပုဂ္ဂိုလ်တို့၏ တာဝန်များ၊ အာဏာများ၊ လစာငွေများ၊ အခြားငွေကြေးများကို သတ်မှတ်ရာ၌ လည်းကောင်း၊ အာမခံပစ္စည်းများ တောင်းခံရာ၌ လည်းကောင်း သင့်လျော်သလို ဆောင်ရွက်ရန်၊ ထို့အပြင် အဆိုပါ ကိစ္စရပ်များအတွက် ကုမ္ပဏီ၏ မည်သည့် အရာရှိကိုမဆို ကိစ္စရပ် အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဒါရိုက်တာများ၏ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် တာဝန်လွှဲအပ်ရန်။

(၆) ဤကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအား ဒါရိုက်တာရာထူးနှင့် တွဲဖက်၍ မန်နေဂျင်း ဒါရိုက်တာ၊ အထွေထွေ မန်နေဂျာ၊ အတွင်းရေးမှူး သို့မဟုတ် ဌာနခွဲ မန်နေဂျာအဖြစ် ခန့်ထားရန်။

(၇) မည်သည့် အစုရှင်ထံမှမဆို ၄င်းတို့၏ အစုရှယ်ယာများ အားလုံးကို ဖြစ်စေ၊ အချို့အဝက်ကို ဖြစ်စေ စွန့်လွှတ်ခြင်းအား သဘောတူညီသော စည်းကမ်းများဖြင့် လက်ခံရန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမှတ် (၁) စက်မှုဝန်ကြီးဌာန

အမှာစာအမှတ် ၂၉(၁)/ ၁၅(၁)(၁၁၇၆)/၂၀၀၀(၁၃၈၄)

ရက်စွဲ ၂၀၀၀ ပြည့်နှစ် မတ် လ ၂၈ ရက်။

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲပါစာအမှတ်၊ ရက-၁/မ-၄၆၉/၉၉(၁၁၇၅၁)

ရွှေမဟာစက်မှုကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ ဒဂုံသာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ်(၄၆-က)တွင် စက်ရုံတည်ဆောက်ပြီး အလှကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်းနှင့်ပတ်သက်၍ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အရည်အသွေးထိန်းသိမ်းမှုနည်းစဉ်နှင့် အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာ စက်ကရိယာများ စာရင်းအား စစ်ဆေးချက်အရ ဝန်ကြီးဌာနအနေဖြင့် ယေဘုယျအားဖြင့် လက်ခံနိုင်သည့်အနေအထား ရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဝန်ကြီး ( )

(မြင့်ဆွေ၊ ရုံးအဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူကို -

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

တင်။

(၈) ဤကုမ္ပဏီက ပိုင်ဆိုင်သော သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသော သို့မဟုတ် အခြားအကြောင်းများကြောင့်ဖြစ်သော မည်သည့် ပစ္စည်းကိုမဆို ကုမ္ပဏီ၏ကိုယ်စား လက်ခံထိန်းသိမ်းထားရန်အတွက် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များကိုမဆို ခန့်ထားရန်နှင့် အဆိုပါ ယုံမှတ် အပ်နှံခြင်းများနှင့် ပတ်သက်၍ လိုအပ်သော စာချုပ်စာတမ်းများ ချုပ်ဆို ပြုလုပ်ရန်။

(၉) ဤကုမ္ပဏီ၏ အရေးအရာများနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီက ပြုလုပ်သော သို့မဟုတ် ဤကုမ္ပဏီအပေါ် သို့မဟုတ် ဤကုမ္ပဏီ၏ အရာရှိများအပေါ် ပြုလုပ်သော တရားဥပဒေအရ စွဲဆို ဆောင်ရွက်မှုများကို တရားစွဲဆို၊ အရေးယူ၊ ခုခံကာကွယ်ရန် သို့မဟုတ် ခွင့်လွှတ်ရန်၊ ထို့အပြင် ဤကုမ္ပဏီက ရရန်ရှိသော ကြွေးမြီများနှင့် ဤကုမ္ပဏီအပေါ် တောင်းခံသော ကြွေးမြီများနှင့် ပတ်သက်၍ ပေးဆပ်ရန် အချိန်ကာလ ရွှေ့ဆိုင်းခွင့်ပြုခြင်း သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူ ကျေအေးခြင်းများ ပြုလုပ်ရန်။

(၁၀) ဤကုမ္ပဏီက ပေးရန်ရှိသော သို့မဟုတ် ရရန်ရှိသော ငွေတောင်းခံခြင်းများကို ဖြန်ဖြေရေး ခုံသမာဓိထံသို့ ဖြေရှင်းရန်အတွက် အပ်နှံရန်အပြင် ဖြန်ဖြေရေး ခုံသမာဓိ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၁) ဤကုမ္ပဏီက ရရန်ရှိသော တောင်းဆိုချက်၊ တောင်းခံချက်များနှင့် ကုမ္ပဏီသို့ ပေးရန်ရှိသော ငွေကြေးများအတွက် ပြေစာများ ပြုလုပ် ထုတ်ပေးခြင်း၊ လျှော်ပစ်ခြင်းနှင့် အခြားသောနည်းဖြင့် စွန့်လွှတ်ခြင်းများကို ပြုလုပ်ရန်။

(၁၂) လူမွဲစာရင်းခံရခြင်း၊ ကြွေးမြီ မဆပ်နိုင်ခြင်း ကိစ္စများနှင့် ပတ်သက်၍ ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ရန်။

(၁၃) ငွေလွှဲစာတမ်းများ၊ ချက်လက်မှတ်များ၊ ဝန်ခံကတိစာချုပ်များ၊ ထပ်ဆင့် လက်မှတ်ရေးထိုးခြင်းများ၊လျှော်ပစ်ခြင်းများ၊ ကန်ထရိုက် စာချုပ်များနှင့် စာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား မည်သူက လက်မှတ်ရေးထိုးခွင့်ရှိသည်ကို စိစစ်သတ်မှတ်ရန်။

(၁၄) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက သင့်လျော် လျှောက်ပတ်သောနည်းလမ်းများဖြင့် လတ်တလော အသုံးပြုရန် မလိုသေးသော ကုမ္ပဏီပိုင် ငွေများကို အာမခံပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံထားရန်နှင့် စီမံခန့်ခွဲထားရန်။ ထို့ပြင် အချိန်ကာလအားလျော်စွာ မြှုပ်နှံထားသောငွေကို ပြန်လည်ရယူရန်နှင့် ပြင်ဆင်ပြောင်းလွဲရန်။

(၁၅) ဤကုမ္ပဏီ၏ အကျိုးအတွက် ငွေကြေး စိုက်ထုတ် ကုန်ကျခံထားသော ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်များက ကုမ္ပဏီ၏ (လက်ရှိနှင့် နောင်တွင်ရှိမည့်) ပစ္စည်းများကို ဤကုမ္ပဏီ၏ အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ ပေါင်နှံခြင်းကို သင့်လျော်သည်ဟု ယူဆပါက ဆောင်ရွက်ခွင့်ပြုရန်။ အဆိုပါ ပေါင်နှံခြင်းဆိုရာ၌ ရောင်းချနိုင်သည့် အာဏာနှင့် အခြားသော သဘောတူညီထားသည့် တရားဝင် သဘောတူညီချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များပါ ပါဝင်သည်။

(၁၆) ဤကုမ္ပဏီက ခန့်အပ်ထားသော မည်သည့်အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို အတိအကျ ဆောင်ရွက်ခဲ့သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက် ရရှိသော အမြတ်ငွေမှ ကော်မရှင်ပေးခြင်း သို့မဟုတ် ကုမ္ပဏီ၏ အထွေထွေ အမြတ်အစွန်းမှ ခွဲဝေပေးခြင်းများ ပြုလုပ်ရန်နှင့် အဆိုပါ ကော်မရှင်များ၊ အမြတ်များခွဲဝေပေးခြင်း စသည်တို့ကို ဤကုမ္ပဏီ၏ လုပ်ငန်းကုန်ကျစရိတ် တစ်စိတ်တစ်ဒေသအဖြစ် သတ်မှတ်ရန်။

(၁၇) ဤကုမ္ပဏီ၏ လုပ်ငန်းများ၊ အရာရှိများ၊ ဝန်ထမ်းများနှင့် အစုရှင်များအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ စည်းကမ်းချက်များ၊ စည်းကမ်းဥပဒေများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်။

(၁၈) ဤကုမ္ပဏီ၏ လုပ်ငန်းအတွက် ဤကုမ္ပဏီ၏အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ လိုအပ်သည်ဟု ယူဆလျှင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းများကို ပြုလုပ်ရန်၊ ဖျက်သိမ်းရန်နှင့် ပြင်ဆင်ရန် အပြင် အဆိုပါ ဆောင်ရွက်ချက် စာချုပ်များနှင့် ကိစ္စရပ်များကို လည်းကောင်း၊ ၄င်းတို့နှင့် စပ်လျဉ်းသော ကိစ္စရပ်များကို လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၉) ဒါရိုက်တာများက သင့်လျော်လျှောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန်အတွက် မည်သည့် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းထံမှ မဆို ငွေချေးယူရန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

အမှာစာအမှတ် ၂၉ (၁)/၁၈ (၁)(၁၁၇၈)/၂၀၀၀(၁၄၅)

ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ် မတ် လ ၂၂ ရက်။

အကြောင်းအရာ။ __သဘောထားမှတ်ချက်ပြန်ကြားခြင်းကိစ္စ__

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့စွဲပါစာအမှတ်၊ ရတ-၁/မ-၅၆၉/၉၉(၁၁၆၉၀(ဓ))

၁။ ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အပိုင်း (၂)၊ မြေကွက်အမှတ် (၁၈၂) ရှိ မြေ (၁.၅၁၇) ဧကတွင် စက်ရုံတည်ဆောက်ပြီး ကုန်ကြမ်းဝယ်ယူ၍ ချုပ်လုပ်ခြင်းနှင့်၊ CMP အခစားစနစ်အရ အထည်ချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုခြင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် အဆိုပါကုမ္ပဏီလီမိတက်မှ ကိုတာကန့်သတ်ထားသော ချုပ်ထည်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့ရောင်းချမည်ဆိုပါက ကိုတာခွဲဝေပေးရန် အာမခံချက်မပေးနိုင်ပါကြောင်း ပြန်ကြားအပ်ပါသည်။

၂။ ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်အနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်နေခြင်း မရှိသေးပါကြောင်း ဖော်ပြအပ်ပါသည်။

ဝန်ကြီး (ကိုယ်စား)
(မြင့်ဆွေ၊ ရုံးအဖွဲ့မှူး)

__မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်__

မိတ္တူကို -

ညွှန်ကြားရေးမှူးချုပ်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့အထည်အလိပ်လုပ်ငန်း

ဆောင် *

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇က - ၁/ မ - ၅၆၉/ ၉၉ (၁၁၈၆)။
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ မတ် လ ၂ ရက်။

အကြောင်းအရာ။ ။ ဝင်း အထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တည် ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ ချုပ်လုပ်ခြင်း နှင့် CMP အခစား စနစ်အရအထည် ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

အထက်အကြောင်းအရာပါဝင်း အထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တည် ထောင်၍ကုန်ကြမ်း ဝယ်ယူ၍ ချုပ်လုပ်ခြင်း နှင့် CMP အခစားစနစ်အရအထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုချက်အပေါ် အောက်ပါစိစစ်တွေ့ရှိချက်များ အား ပြန်လည်ပြင်ဆင်တင် ပြပေး ပါရန်အကြောင်း ကြားပါသည်။

၁။ ကိုယ်ပိုင်ချုပ်လုပ်မှုအတွက် ရောင်းချမည့်နည်းစနစ်ရာခိုင်နှုန်းဖော် ပြချက်မှာအဆိုပြုလွှာအမှတ်စဉ် ၉ (င) နှင့် Exhibit V သို့သွတ် မှုမရှိပါ။

၂။ Exhibit VII ပါဝန်ထမ်းစာရင်းကိုက်ညီမှုမရှိပါ။

၃။ Pay Back Period တွက်ချက်မှုပြန်လည်တွက်ချက် ပေးရန်။

၄။ ချုပ်ထည်များ ပြန်ယူမည့်အမှာစာ (Purchase Order) ပါအထည် အမျိုးအစားနှင့် Exhibit V ပါထုတ်လုပ်မည့်အထည်အမျိုး အစား များ ကိုက်ညီမှုမရှိပါ။

၅။ Repayment of Loan - နှင့် Interest on Loan အရင်း နှင့်အတိုး ပြန်ဆပ်မှုအစီအစဉ်နှင့် Exhibit VI နှင့် VIII ပါ ဖော်ပြချက်များ ညီညွတ် အောင်ပြင်ဆင်ရန်။

၆။ ငွေချေးငှားသူနှင့် ချေးယူသူနှစ်ဦးအနေဖြင့် Grace Period ကာလအတွင်း အတိုးပေးရန်မလိုကြောင်းသဘောတူထားပါက Grace Period တစ်ပိုင်းသီးသန့်ထည့်၍ ပေါ်လွင်အောင်ရေးသားတင်ပြရန်။

(ဦးသောင်း)
ဥက္ကဋ္ဌ

ဒါရိုက်တာ၁၊
ဝင်းအတယ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်။
အမှတ်-၉၆၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇က - ၁/ မ - ၅၆၉/ ၉၉ (၁၁၈၆၅)။
ရက်စွဲ၊ ၂၀၀၀ပြည့်နှစ်၊ မတ် လ ၂ ရက်။

အကြောင်းအရာ။ ။ ဝင်း အထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ ချုပ်လုပ်ခြင်းနှင့် CMP အခစား စနစ်အရအထည် ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

အထက်အကြောင်းအရာပါဝင်း အထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တည်ထောင်၍ ကုန်ကြမ်း ဝယ်ယူ၍ ချုပ်လုပ်ခြင်း နှင့် CMP အခစားစနစ်အရအထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုချက်အပေါ် အောက်ပါစိစစ်တွေ့ရှိချက်များ အား ပြန်လည်ပြင်ဆင်တင်ပြပေး ပါရန်အကြောင်း ကြား ပါသည်။

၁။ ကိုယ်ပိုင်ချုပ်လုပ်မှုအတွက် ရောင်းချမည့်နည်းစနစ်ရာခိုင်နှုန်းဖော်ပြချက်မှာအဆိုပြုလွှာအမှတ်စဉ်၉ (၄) နှင့် Exhibit V ညီညွတ်မှုမရှိပါ။

၂။ Exhibit VII ပါဝန်ထမ်းစာရင်းကိုက်ညီမှုမရှိပါ။

၃။ Pay Back Period တွက်ချက်မှုပြန်လည်တွက်ချက်ပေးရန်။

၄။ ချုပ်ထည်များပြန်ယူမည့်အမှာစာ (Purchase Order) ပါအထည်အမျိုးအစားနှင့် Exhibit V ပါထုတ်လုပ်မည့်အထည်အမျိုး အစား များ ကိုက်ညီမှုမရှိပါ။

၅။ Repayment of Loan - နှင့် Interest on Loan အရင်းနှင့်အတိုး ပြန်ဆပ်မှုအစီအစဉ်နှင့် Exhibit VI နှင့် VIII ပါ ဖော်ပြချက်များ ညီညွတ် အောင်ပြင်ဆင်ရန်။

(ခ) သတ်မှတ်ကာလအတွင်း ကုန်ကြမ်းပေးသွင်းသူမှ ကုန်ကြမ်းပစ္စည်းအပြည့်အစုံကို စက်ရုံသို့ပေး သွင်းနိုင်ခြင်း မရှိပါက ပေးသွင်းထားသော စပေါ်ငွေ(၆၀၀,၀၀၀/-) ကျပ်ခြောက်သိန်းတိတိကို စက်ရုံမှ သိမ်းယူမည် ဖြစ်ပါသည်။

(ဂ) စာချုပ်ပါသတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသောကုန်ကြမ်းပစ္စည်း အပြည့်အစုံကို စက်ရုံမှ လက်ခံရရှိပြီးဖြစ်ပါက ကုန်ကြမ်းပေးသွင်းသူမှ ပေးသွင်းထားသော စပေါ်ငွေကို ပြန်လည်ထုတ်ယူနိုင်ရန်အတွက် ဘဏ္ဍာလုပ်ထုံးလုပ်နည်းများနှင့်အညီ စက်ရုံမှဆောင်ရွက်ပေးရမည်။

<u>ကုန်ချောပစ္စည်းပြန်လည်ထုတ်ပေးခြင်းနှင့် ခွဲဝေခံစားခြင်း</u>

၁၁။ ကုန်ကြမ်းပစ္စည်းများစက်ရုံသို့ အပြည့်အဝပေးသွင်းပြီးပါက စက်ရုံမှ လိုအပ်သောဓာတ်ခွဲ စမ်းသပ်မှု များပြုလုပ်ပြီး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီပါက ကုန်ကြမ်းများကိုလက်ခံပြီးနောက် (၇)လအတွင်း စာချုပ်တွင် ဖော်ပြထားသည့်ပမာဏအတိုင်း ကုန်ချောများကို ပြန်လည်ထုတ်ပေးရမည်။ (ပထမလနှင့် ဒုတိယလတွင် (၂)သိန်းစီ၊ တတိယနှင့်စတုတ္ထလတွင် (၁)သိန်းခွဲစီ၊ ပဥ္စမ၊ ဆဋ္ဌမနှင့်၊ သတ္တမလတွင် (၁)သိန်းစီထုတ်ပေးရန်)

၁၂။ ကုန်ကြမ်းပေးသွင်းသူမှ Flavour ကို Gevaudan Co., မှ Gevaudan Roure peppermit Flavour st. 5687/ 01 ဖြင့်လည်းကောင်း၊ Empicol ကို Kao Co., မှ Empicol ဖြင့် လည်းကောင်းပေးသွင်းမည်ဖြစ်ရာ စက်ရုံမှ ပက်ဆိုဒင့်သွားတိုက်ဆေး တံဆိပ်/အသား/ဗူးခွံကို ခရမ်းရောင် ဖြင့်သီးခြားသတ်မှတ်ထုတ်လုပ်ပေးရမည်။

၁၃။ ကုန်ကြမ်းပေးသွင်းသူမှ လုပ်ငန်းအပ်နှံသည့် ပမာဏအပေါ် ပေးသွင်းရန်လိုအပ်သော ထုပ်ပိုးပစ္စည်း များကို စက်ရုံသတ်မှတ်ချက်အချိုးအစားနှင့်အညီ သတ်မှတ်ကာလအတွင်း မိမိအဖိအစဉ်ဖြင့် စက်ရုံအရောက် ပေးသွင်းရမည်။

၁၄။ စာချုပ်တွင်ဖော်ပြထားသည့် ကုန်ချောပစ္စည်းများထုတ်လုပ်ရာတွင် လျှပ်စစ်မီးများချို့ယွင်းခြင်း၊ စက်ချို့ယွင်းခြင်း စသည့်ကိစ္စရပ်များ ကြုံကြိုက်ခဲ့ပါက စာချုပ်တွင်ကုန်ချောထုတ်ပေးရန် သတ်မှတ်ထားသည့် အချိန်ကာလအား ဤလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်ပြင်ဆင်သတ်မှတ်ခြင်းကို ကုန်ကြမ်းပေး သွင်းသူက သဘောတူရမည်။

၁၅။ ထုတ်လုပ်ပြီးကုန်ချောပစ္စည်းများကို သယ်ယူရာတွင် စက်ရုံမှ အကြောင်းကြားသည့်ရက်မှ (၁)လ အတွင်းအပြီးသယ်ယူရမည်။ သတ်မှတ်ရက်အတွင်းသယ်ယူခြင်းမရှိပါက သိုလှောင်ခကို ဤလုပ်ငန်းစီမံခန့်ခွဲရေး အဖွဲ့၏ ဆုံးဖြတ်ချက်အရ ကုန်ကြမ်းပေးသွင်းသူမှ ပေးသွင်းရမည်။

၆။ ငွေချေးငှားသူနှင့် ချေးယူသူနှစ်ဦးအနေဖြင့် Grace Period ကာလအတွင်း အတိုးပေးရန်မလိုကြောင်းသဘောတူထားပါက Grace Period တစ်ပိုဒ်သီးသန့်ထည့်၍ ပေါ်လွင်အောင်ရေးသားတင်ပြရန်။

(ဦးသောင်း)
ဥက္ကဋ္ဌ

ဒါရိုက်တာ ၁၊
ဝင်း အဟသ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်။
အမှတ်-၉၆၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

We, the following persons, whose names, nationality, addresses, and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Memorandum of Association, and we respectively agree to take number of shares in the Capital of this Company set opposite our respective names.

Sr. No	Name, Address, and Description of Subscribers	Nationality & N.R.C No.	Number of Shares taken	Signature
1.	U Tun Tun Win (a) Vinodkumar No. 715, Merchant Street, Pabedan Township, Yangon. (Merchant)	Myanmar 12/ Pa Ba Ta (Naing) 003175		
2.	U Maung Maung Oo No. 715, Merchant Street, Pabedan Township, Yangon. (Merchant)	Myanmar 12/ Pa Ba Ta (Naing) 000684		
3.	U Chandra Dev Prakash No. 715, Merchant Street, Pabedan Township, Yangon. (Merchant)	Myanmar 12/ Pa Ba Ta (Naing) 005438		
4.	Daw San Myint No. 715, Merchant Street, Pabedan Township, Yangon. (Merchant)	Myanmar 12/ Pa Ba Ta (Naing) 005439		
5.	U Zaw Win No. 715, Merchant Street, Pabedan Township, Yangon. (Merchant)	Myanmar 12/ Pa Ba Ta (Naing) 024136		

Yangon. Dated the day of 1999

It is hereby certified that the persons mentioned above put their signatures in my presence.

THAN SOE LIN (B.Com(Q) C.P.A)
Certified Public Accountant
No. 153, First Floor (Right), 47th Street,
Botataung Township, Yangon. (Ph:292383)

App

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇က - ၁ / မ - ၅၆၉ / ၉၉ (၁၆၉၀ (က)),
ရက်စွဲ၊ ၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ၂၅ ရက်

သို့ / -

ဦး အောင်သောင်း
ဝန်ကြီး
အမှတ် (၁) စက်မှုဝန်ကြီး ဌာန။

အကြောင်းအရာ။ ။ <u>သဘောတူ မှတ်ချက် တောင်းခံခြင်း ကိစ္စ ။</u>

ရည်ညွှန်းချက်။ ။ ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ (၁၇ - ၂ - ၂၀၀၀) နေ့စွဲပါစာ။

၁။ ဝင်း အထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်၊ မြေတိုင်း ရပ်ကွက်အမှတ်အပိုင်း (၂)၊ မြေကွက်အမှတ် (၁၀၂) ရှိမြေ(၁.၅၁၇) ဧကတွင်စက်ရုံတည် ဆောက်ပြီး ကုန်ကြမ်း ဝယ်ယူချုပ်လုပ်ခြင်း နှင့် CMP အခြေခံစနစ်အရ အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ရန်ခွင့်ပြုပါရန်အထက် ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့ တင်ပြလျှောက်ထား လာပါသည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အခန်း (၃)၊ အပိုဒ် (၁၁) ပါပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါသဖြင့် အဆိုပြုချက်ပါလုပ်ငန်းနှင့် စပ်လျဉ်း၍ အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ ထို့အပြင် ယခုအဆိုပြုလုပ်ငန်းသည် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင် ဆောင်ရွက်နေခြင်း ``ရှိ၊ မရှိ`` ကိုပါ စိစစ်ပြန်ကြားပေးပါရန် ထပ်မံမေတ္တာရပ်ခံ အပ်ပါသည်။

ပူးတွဲ (၁) အဆိုပြုချက်
(၂) ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှု ဇယားများ
(၃) Deferred Payment Loan Agreement (Draft)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ရက - ၁ / မ - ၅၆၉ / ၉၉ (၁၁၆၉၀ (ခ))
ရက်စွဲ၊ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

သို့ / -

ဗိုလ်ချုပ် စောထွန်း
ဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန။

အကြောင်းအရာ။ ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ (၁၇ - ၂ - ၂၀၀၀) နေ့စွဲပါစာ။

၁။ ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ်အပိုင်း (၂)၊ မြေကွက်အမှတ် (၁၀၂) ရှိ မြေ (၁.၅၁၇) ဧကကျော်တွင် စက်ရုံတည် ဆောက်ပြီး ကုန်ကြမ်းဝယ်ယူ၍ ချုပ်လုပ်ခြင်း နှင့် CMP အခစား စနစ်အရ အထည်ချုပ် လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အထည်ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့ တင်ပြလျှောက်ထား လာပါသည်။

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အခန်း (၃)၊ အပိုဒ် (၁၁) ပါပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရ ယူရန်လိုအပ်ပါသဖြင့် အဆိုပြုလုပ်ငန်းကို ဖော်ပြပါမြေနေရာတွင် ဆောင်ရွက်ရန် ``သင့်၊ မသင့်`` နှင့် အဆိုပါမြေနေရာတွင် လုပ်ငန်းဆောင်ရွက်နေခြင်း ``ရှိ၊ မရှိ`` စိစစ်ပြန်ကြားပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲ - (၁) အဆိုပြုချက်
(၂) မြေအထောက်အထား

(ဦးသောင်း)
ဥက္ကဋ္ဌ
ကိုယ်

မိတ္တူကို - <u>ညွှန်ကြားရေးမှူးချုပ်</u>
<u>မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။</u>

* အေး * ၂၂ - ၂ - ၂၀၀၀

၃1632 / 24/2　　C 1244 / 24/2

အထွေထွေ အရပ်ရပ် – ၁၆

(ရုံးတွင်းစာ အကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန် အတွက်)

အကြောင်း အရာ။　　။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ</u>။

ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်၊ အပိုင်း(၂)၊ မြေကွက်အမှတ်(၁ဂ၂)ရှိ မြေ(၁.၅၁၇)ဧကတွင် စက်ရုံတည်ဆောက်ပြီး၊ ကုန်ကြမ်းဝယ်ယူ၍ ချုပ်လုပ်ခြင်းနှင့် CMP အခစားစနစ်အရ အထည်ချုပ်လုပ်ခြင်းလုပ်ငန်းတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံမည့် <u>စာချောတွင်</u> လက်မှတ်ရေးထိုးအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

၂၄-၂-၂၀၀၀။

<u>ဥက္ကဌ</u>။

၂၄.၂.၂၀၀၀

*ဗိန် ၂၄-၂-၂၀၀၀။

အထွေထွေ အရပ်ရပ် - ၁၆
(ရုံးတွင်းစာ အကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန် အတွက်)

အကြောင်းအရာ။ ။<u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ</u>။

ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်သည်၊ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်အပိုင်း (၂)၊ မြေကွက်အမှတ် (၁၀၂) ရှိ မြေ (၁.၅၁၇) ဧကတွင် စက်ရုံတည်ဆောက်ပြီး ကုန်ကြမ်းဝယ်ယူ၍ ချုပ်လုပ်ခြင်းနှင့် CMP အခစားစနစ်အရအထည်ချုပ်လုပ်ခြင်းလုပ်ငန်းတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့ သဘောထားတောင်းခံမည့်စာချောတွင်လက်မှတ်ရေးထိုးအတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါသည်။

၂၄-၂-၂၀၀၀

<u>ဥက္ကဋ္ဌ</u>။

* အေး * ၂၆-၂-၂၀၀၀

သို့

ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

နေ့စွဲ ။ ။၂၀၀၀ ခုနှစ်၊ [illegible]လ(၃)ရက်။

အကြောင်းအရာ။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များစိစစ်ပေးနိုင်ရန်ပေးပို့ခြင်း။

ရည်ညွှန်းချက်။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၀ ခုနှစ် မတ်လ(၂)ရက်နေ့စွဲပါ စာအမှတ်၊ ရက−၁/မ−၅၆၉/၉၉(၁၁၈၆၆) အရ။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ ဝင်းအထည်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် Win Garment Manufacturing Co.,Ltd သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်အပိုင်း(၂)၊ မြေကွက်အမှတ်(၁၈၂) ရှိ ၁.၅၁၈ ဧက အကျယ်အဝန်းရှိသောမြေနေရာတွင် အထည်ချုပ် (Garment Factory) စက်ရုံ တည်ဆောက်ပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် (Shirt, T-Shirt, Polo-necked Shirt, Trousers, Short Pants, Coat and Jacket)များကို ကုန်ကြမ်းဝယ်ယူ၍ ချုပ်လုပ်ခြင်းနှင့် စီအမ်ပီ(C.M.P)အခစားစနစ်အရချုပ်လုပ်ခြင်းဖြင့် ပြည်တွင်းပြည်ပရောင်းချနိုင်ရန် အတွက် ရည်ရွယ်၍ ခေတ်မီနည်းပညာ၊ စက်ကရိယာများဖြင့် ထုတ်လုပ်ခွင့်ရရှိနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကို လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။ ထိုသို့တင်ပြလျှောက်ထားရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် ကျွန်တော်တို့ကုမ္ပဏီအား ပြင်ဆင်ရန်ရှိသည်များကို အကြောင်းကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ကုမ္ပဏီ၏ အဆိုပြုလွှာတွင် လိုအပ်သည်များ ပြန်လည်ပြင်ဆင်ပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဆက်လက် စိစစ်ပေးနိုင်ရန်အတွက် အဆိုပြုလွှာအားပူးတွဲတင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

(ဦးဇော်ဝင်း)
(ဒါရိုက်တာ)
Win Garment Manufacturing Co.,Ltd